ကညွတ်ကွင်းမြို့နယ် ကမ်းနားဂိုဏ်း

ဆရာတော်များ ကြီးမှူးကျင်းပသော

# အခြေခံဗုဒ္ဓဘာသာ

## ဒုတိယဆင့်


| ယကဆရာတော် | ဥက္ကဋ္ဌ | အတွင်းရေးမှူး |
|---|---|---|
| ဦးသုနန္ဒ | ဦးတေဇိန္ဒ | ဦးနာဂဝံသ |

# မာတိကာ။


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ပါရမီ ၁၀-ပါး အဓိပ္ပါယ် | .... | ၁ |
| ၂။ | ပါရမီ ၁၀-ပါး အပြားသုံးဆယ်ဖြစ်ပုံ | .... | ။ |
| ၃။ | ဖွါးဘက်တော် ၇-ဦးအကြောင်း | .... | ၂ |
| ၄။ | ဆွေတော်မျိုးတော်ဆက်စပ်ပုံ | .... | ၃ |
| ၅။ | ဘုရားအလောင်း၏ အိပ်မက် ၅-ပါး | .... | ၄ |
| ၆။ | အိပ်မက်မက်ခြင်းအကြောင်း ၄-ပါး | .... | ။ |
| ၇။ | ပါဋိဟာရိယခေါ်ဆိုပုံ၊ ယမိုက်တန်ခိုးထိုသုံးမျိုး | .... | ၇ |
| ၈။ | ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် | | ၈ |
| ၉။ | သဗ္ဗညုတဉာဏ်တော်၏အစွမ်း | .... | ၉ |
| ၁၀။ | ဝါကပ်တော်မူရာ ၁၆-ဌာနသရုပ် | .... | ။ |
| ၁၁။ | ဗုဒ္ဓ၏ဓါတ်ပရိက္ခရာ၊ အသမ္ဘိန္နဓါတ်တော် ၇ ပါး | | ၁၀-၁၁ |
| ၁၂။ | စေတိယဌာန ၄-ပါး | .... | ၁၂ |
| ၁၃။ | ရှင်တော်ဗုဒ္ဓဂေါတမ ပဗ္ဗဇိတကိုးကြိမ်လာ | .... | ၁၃ |
| ၁၄။ | ရတနာသုံးပါး၏ သရဏမည်ခြင်းအကြောင်း | .... | ။ |
| ၁၅။ | သရဏဂုံ ၂-မျိုးအကြောင်း | .... | ။ |
| ၁၆။ | သရဏဂုံဆောက်တည်နည်း ၄-မျိုး | .... | ၁၅ |
| ၁၇။ | လောကီသရဏဂုံအကျိုး ၄-ပါး | .... | ။ |
| ၁၈။ | တနည်း လောကီသရဏဂုံ၏အကျိုး ၁၀-ပါး | .... | ။ |
| ၁၉။ | လောကုတ္တရာသရဏဂုံ ပစ္စက္ခအကျိုး ၅-ပါး | .... | ၁၆ |
| ၂၀။ | လောကုတ္တရာသရဏဂုံ တမလွန်အကျိုး ၈-ပါး | | ၁၇ |
| ၂၁။ | ရှိခိုးသောအခါစိတ်ထားရန် | .... | ။ |
| ၂၂။ | ရှစ်ပါးသီလတောင်းရန်ပါဌ် | .... | ၁၈ |
| ၂၃။ | ပါဏာတိပါတအင်္ဂါနှင့်အဒိန္နာဒါနအင်္ဂါ၅-ပါးစီ | | ၂၀-၂၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၄။ | ကာမေသုမိစ္ဆာစာရအင်္ဂါ ၄-ပါး .... | ၂၁ |
| ၂၅။ | ကာမေသုမိစ္ဆာစာရကံ ထိုက်နိုင်သောပုဂ္ဂိုလ်များ | ။ |
| ၂၆။ | သုရာပါနကို ကာမေသုမိစ္ဆာစာရ၌ထည့်သွင်းခြင်း | ၂၃ |
| ၂၇။ | သုရာမေရယကံ အင်္ဂါ ၄-ပါး၊ သုရာ ၅-ပါး .... | ။ |
| ၂၈။ | မေရယ ၅-ပါး .... | ၂၄ |
| ၂၉။ | မုသာဝါဒအင်္ဂါ ၄-ပါး၊ ပိသုဏာဝါစာအင်္ဂါ ၄-ပါး | ။ |
| ၃၀။ | ဖရုသဝါစာအင်္ဂါ၃-ပါး၊သမ္ဖပ္ပလာပဝါစာအင်္ဂါ ၂-ပါး | ၂၅ |
| ၃၁။ | အဘိဇ္ဈာအင်္ဂါ၊ ဗျာပါဒအင်္ဂါ၊ မိစ္ဆာဒိဋ္ဌိအင်္ဂါ ၂-ပါးစီ | ။ |
| ၃၂။ | မင်္ဂလာတရား ၃၈-ပါး မှတ်သားရန်သံပေါက် .... | ။ |
| ၃၃။ | အသေဝနာစပုဒ်၌ ၃-ပါး .... | ၂၆ |
| ၃၄။ | ပဋိရူပပုဒ်၌ ၃ ပါး၊ ဗာဟုသစ္စပုဒ်၌ ၄-ပါး .... | ။ |
| ၃၅။ | မာတာပိတုပုဒ်၊ ဒါနပုဒ်၊ အာရတီပုဒ်တို့၌ ၄-ပါးစီ | ၂၇ |
| ၃၆။ | ဂါရဝေါစပုဒ်၌ ၅-ပါး .... | ၂၈ |
| ၃၇။ | ခန္တီစပုဒ်၌ ၄-ပါး၊ တပေါစပုဒ်၌ ၄-ပါး .... | ။ |
| ၃၈။ | ဖုဋ္ဌဿပုဒ်၌ ၄ ပါး၊ ဒါနဒါသ, ဒါနသဟာယ, ဒါနသာမိ, | ၂၉ |
| ၃၉။ | အလှူခံပုဂ္ဂိုလ်တကျိပ်လေး၊ ဒါန ၃-မျိုး .... | ၃၀ |
| ၄၀။ | ကုသိုလ်စိတ်ခြံရံသောဒါန၊ စတုရာရက္ခတရား ၄-ပါး | ၃၁ |
| ၄၁။ | အပါယ်လေးပါးအမိပွါယ်၊ ငရဲကြီး ၈-ထပ် .... | ၃၅-၃၆ |
| ၄၂။ | ငရဲပေါင်း ၁၃၆-ထပ်၊ ငရဲကြီး ၈-ထပ်ဆောင်ပုဒ် | ။ |
| ၄၃။ | ဥဿဒငရဲငယ် ၅-ထပ်အမိပွါယ် .... | ၃၇ |
| ၄၄။ | ငရဲကြီး ၈-ထပ်သို့ ကျရောက်စေသော အပြစ်ပြကဗျာ | ၃၈ |
| ၄၅။ | ကိစ္စ၏အစွမ်းအားဖြင့်ဖြစ်သောကံ ၄-ပါး .... | ၃၉ |
| ၄၆။ | အကျိုးမဲ့ရှိသောဥစ္စာများ၊ လက်ဦးဆရာ၊ ရာဂမီးကြီး | ၄၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၇။ | လူမိုက်ဆိုသည်မှာ၊ လူမိုက်မှတ်ကြောင်း ၃-ပါး .... | ၄၁ |
| ၄၈။ | ပညာရှိမှတ်ကြောင်း ၃-ပါး၊ သမ္ဗောဇ္ဈင်တရား ၄-ပါး | ။ |
| ၄၉။ | စကားအရာအင်္ဂါ၊ ရုပ်ရေအဆင်းအကြောင်း ၄-ပါးစီ | ၄၂ |
| ၅၀။ | နတ်တို့စုတေခါနီး၌ ထင်လာသော ပုဗ္ဗနိမိတ် ၅-ပါး | ။ |
| ၅၁။ | သတ္တဝါတို့၏ လားရာဂတိ ၅-ပါး .... | ။ |
| ၅၂။ | သူတော်ကောင်းတရား ကွယ်ပျောက်ကြောင်း ၅-ပါး | ၄၃ |
| ၅၃။ | စကားများခြင်းအပြစ် ၅-ပါး .... | ။ |
| ၅၄။ | သံဃာတော်တို့ကို ကြည်ညိုရခြင်းအကျိုး ၅-ပါး | ။ |
| ၅၅။ | တရားနာရခြင်းအကျိုး ၅-ပါး .... | ၄၄ |
| ၅၆။ | ပျက်စီးကြောင်းတရား ၆-ပါး .... | ။ |
| ၅၇။ | သေရည်သေရက်သောက်စားမှု အပြစ် ၆-ပါး .... | ။ |
| ၅၈။ | နာယကဂုဏ် ၆-ပါး၊ ရောဂါဖြစ်ခြင်းအကြောင်း ၈-ပါး | ၄၅ |
| ၅၉။ | လောကဓံတရား ၈-ပါး .... | ၄၆ |
| ၆၀။ | မဂ္ဂင်တရားအဓိပ္ပါယ်၊ မဂ္ဂင် ၈-ပါး .... | ။ |
| ၆၁။ | ကိလေသာ ၁၀-ပါး .... | ၄၇ |
| ၆၂။ | မီး ၁၁-ပါး၊ မေတ္တာအကျိုး ၁၁-မျိုး .... | ။ |
| ၆၃။ | ၅၂၈-သွယ် မေတ္တာပွါးပုံ .... | ၄၈ |
| ၆၄။ | သိကြားမင်းရှိခိုးခံရသူများ .... | ၄၉ |
| ၆၅။ | ကိုယ့်သီလ ကိုယ်ယုံကြည်တော့မတုန်လှုပ် .... | ။ |
| ၆၆။ | အစစ်နှင့်အတုကွာခြားချက် .... | ၅၀ |
| ၆၇။ | ကောက်ဦးဆွမ်း .... | ၅၁ |
| ၆၈။ | မိဘကျေးဇူးတရားတော် .... | ၅၂ |
| ၆၉။ | အကုသိုလ်စိတ်(၁၂)ပါး အမေးအဖြေ | ၅၃ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၇၀။ | အဟိတ်စိတ် ၁၈-ပါးအမေးအဖြေ | .... | ၅၆ |
| ၇၁။ | ကာမစိတ် ၅၄-ပါးအမေးအဖြေ | .... | ၅၈ |
| ၇၂။ | ရူပါဝစရစိတ် ၁၅-ပါးအမေးအဖြေ | .... | ၆၀ |
| ၇၃။ | အရူပါဝစရစိတ် ၁၂-ပါးအမေးအဖြေ | .... | ၆၂ |
| ၇၄။ | မဟဂ္ဂုတ်စိတ် ၂၇-ပါးအမေးအဖြေ | .... | ၆၃ |
| ၇၅။ | လောကီစိတ်အမေးအဖြေ | .... | ။ |
| ၇၆။ | လောကုတ္တရာစိတ် ၈-ပါး အမေးအဖြေ | .... | ၆၄ |
| ၇၇။ | စိတ်အကျဉ်း-၈၉၊ အမေးအဖြေ | .... | ၆၅ |
| ၇၈။ | လောကုတ္တရာစျာန်ပွါးအမေးအဖြေ | .... | ။ |
| ၇၉။ | စိတ်အကျယ် ၁၂၁-ပါး အမေးအဖြေ | .... | ၆၆ |
| ၈၀။ | စေတသိက်ပိုင်း အင်္ဂါလက္ခဏာ ၄-ပါး | .... | ၆၈ |
| ၈၁။ | သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးနှင့်လက္ခဏာ | | ။ |
| ၈၂။ | ပကိဏ်းစေတသိက် ၆-ပါးနှင့် လက္ခဏာ | | ၆၉ |
| ၈၃။ | အကုသိုလ်စေတသိက် ၁၄-ပါးနှင့် လက္ခဏာ | .... | ။ |
| ၈၄။ | သောဘဏစေတသိက် ၂၅-ပါးနှင့်လက္ခဏာ | .... | ၇၀ |
| ၈၅။ | ဝိရတီစေတသိက်၏လက္ခဏာ | .... | ၇၂ |
| ၈၆။ | အပ္ပမညာစေတသိက်၏လက္ခဏာ | .... | ။ |
| ၈၇။ | ရူပသမုဒ္ဒေသ | .... | ။ |
| ၈၈။ | ခြေတလုမ်း၌ ခန္ဓာငါးပါး ပါဝင်ပုံ | .... | ၇၇ |
| ၈၉။ | အာယတန ၁၂-ပါးကိုပြဆိုခြင်း | .... | ၇၈ |
| ၉၀။ | တနည်း အာယတန ၁၂-ပါး | .... | ၇၉ |
| ၉၁။ | ဓါတ် ၁၈-ပါးတို့ကိုပြဆိုခြင်း | .... | ။ |
| ၉၂။ | သစ္စာလေးပါး သရုပ်ကိုပြဆိုခြင်း | .... | ၈၀ |

# အခြေခံ ဗုဒ္ဓဘာသာ ဒုတိယဆင့်။

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## ၁။ ပါရမီ ၁၀-ပါးနှင့် အဓိပ္ပါယ်။

၁။ ဒါနပါရမီ၊ အဇ္ဈတ္တ ဗဟိဒ္ဓရှိသော ပစ္စည်းဝတ္ထုကို ပေးလှူခြင်း။

၂။ သီလပါရမီ၊ ငါးပါးရှစ်ပါးစသောသီလကို စောင့်ထိန်းခြင်း။

၃။ နိက္ခမပါရမီ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြု၍ တောထွက်ခြင်း။

၄။ ပညာပါရမီ၊ အပြစ်မှ ကင်းသော တရားအပေါင်း တို့ကို သူတပါးတို့အား သင်ကြား ပြသခြင်း။

၅။ ဝီရိယပါရမီ၊ အပြစ်မှကင်းသော အမှုကိစ္စတို့ကို မတွန့်မဆုတ်အားထုတ်ခြင်း။

၆။ ခန္တီပါရမီ၊မဟုတ်မမှန် သူတပါးတို့က ပြုလုပ်ပြောဆိုသည်ကို သည်းခံခြင်း။

၇။ သစ္စာပါရမီ၊ မှန်ကန်ဖြောင့်မတ်စွာ ပြောဆိုခြင်း။

၈။ အဓိဋ္ဌာနပါရမီ၊ ဆောက်တည်အပ်သော တရားအတိုင်း စွဲမြဲစွာ အားထုတ်ခြင်း။

၉။ မေတ္တာပါရမီ၊ အလုံးစုံသော သတ္တဝါတို့ကို သနားကြင်နာခြင်း။

၁၀။ ဥပေက္ခာပါရမီ၊ အလုံးစုံသောသတ္တဝါတို့ကိုလျစ်လျူရှုခြင်း။

## ၂။ ပါရမီ ၁၀-ပါး အပြားသုံးဆယ်ဖြစ်ပုံ။

ဗဟိဒ္ဓဖြစ်သော ရွှေ-ငွေ-စိန်-ကျောက်-ဆင်မြင်း ကျွဲနွားမှ စ၍

အပဖြစ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် ဒါနပါရမီမည်၏။
ကိုယ်အင်္ဂါ အစိတ်အပိုင်း၌ ရှိသော တစုံတခု ပစ္စည်း ဝတ္ထုကို ပေးလှူခြင်းသည် ဒါနဥပပါရမီမည်၏။
ကိုယ့်အသက်ကို မငဲ့ကွက်မူ၍ အလှူခံပုဂ္ဂိုလ်တို့အား ပေးလှူခြင်းသည် ဒါနပရမတ္ထ ပါရမီမည်၏။
ဤသို့ ဒါနပါရမီ၌၊ ပါရမီသုံးပါး ပြားသကဲ့သို့ သီလမှစ၍ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ တိုင်အောင် ဤကဲ့သို့ သုံးပါးစီ ပြားလျှင် ပါရမီ ၁၀-ပါး၊ အပြား ၃၀ ဖြစ်ပါသည်။

## ၃။ ဖွားဘက်တော် ၇-ဦးအကြောင်း။

အလောင်းတော်ကို ဖွားမြင်သော အချိန်အခါ၌ပင်လျှင်၊ မဟာမာယာဒေဝီ၏မောင်တော် ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓမင်း၏ မိဖုရား အမိတ္တာတွင်-
၁။ ဘဒ္ဒကစ္စာနာကို ဖွားမြင်တော်မူသည်။
အမိတ္တောဒနတွင်-
၂။ အာနန္ဒာကို ဖွားမြင်တော်မူသည်။
ထိုအချိန်အခါတွင်ပင်-
၃။ ဆန္နအမတ်။
၄။ ကာဠုဒါယီ။
၅။ ခဏ္ဍကမြင်းတို့လည်း ဖွားမြင်ကြသည်။
၆။ မဇ္ဈိမဒေသတွင် ပင်စည်လုံးပတ် ၃၂ တောင်၊ အမြင့် သန်းတောင်တရာ၊ ခက်မငါးဖြာ ရှိသော မဟာ ဗောဓိပင်လည်း ပေါ်ပေါက်တော်မူသည်။
၇။ နန်းတော်၌လည်း သခ်မည်သော ရွှေအိုးကြီး၊ ဇလမည်

သော ရွှေအိုးကြီး၊ ဥပ္ပလမည်သော ရွှေအိုးကြီး၊ ပုဏ္ဍရိကမည်သော ရွှေအိုးကြီး လေးလုံးတို့သည်လည်း ပေါ်ပေါက်တော်မူသည်။

## ၄။ ဆွေတော်မျိုးတော် ဆက်စပ်ပုံ။

ကပ္ပိလဝတ်ပြည် သီဟဟနုမင်းနှင့် ဘဒ္ဒကဥ္စနာတွင်-

၁။ သုဒ္ဓေါဒန။
၂။ ဓောတောဒန။
၃။ သက္ကောဒန။
၄။ သုက္ကောဒန။
၅။ အမိတောဒန။
၆။ အမိတ္တာမင်းသမီး။
၇။ ပါလိတာ မင်းသမီး။

ဒေဝဒဟပြည် အဥ္စနမင်းနှင့် ယသောဓရာတွင်-

၁။ သိရိမဟာမာယာ။
၂။ မဟာပဇာပတိဂေါတမီ
၃။ ဒဏ္ဍပါဏိသားတော်။
၄။ သုပ္ပဗုဒ္ဓသားတော်။

သုပ္ပဗုဒ္ဓ အမိတ္တာတွင်—

၁။ ဘဒ္ဒကဥ္စနာ။
၂။ ဒေဝဒတ်။

သုဒ္ဓေါဒန မဟာမာယာတွင်-

၁။ သိဒ္ဓတ္ထမင်းသား။

သိဒ္ဓတ္ထကုမာရ ဘဒ္ဒကဥ္စနာတွင်-

၁။ ရာဟုလာ သားတော်။

သုဒ္ဓေါဒန မဟာပဇာပတိတွင်-

၁။ ရူပနန္ဒာ မင်းသမီး။
၂။ နန္ဒမင်းသား။

သုက္ကောဒန-သားတော် အနိရုဒ္ဓ။
အမိတောဒန-သားတော် အာနန္ဒာ။
သုက္ကောဒန နိရုဒ္ဓ၊ အဖမချွတ်မှတ်။
အမိတောဒန-အာနန္ဒ၊ အဖမချွတ်မှတ်။

## ၅။ ဘုရားအလောင်း၏ အိပ်မက်ကြီး ငါးပါး။

၁။ ဇမ္ဗူဒိပ် မြေအပြင်ကို အိပ်ရာပြုလျက်၊ မြောက်ဟိမဝန္တာ တောင်မင်းကို ခေါင်းအုံးပြုပြီးလျှင်၊ အနောက်သမုဒ္ဒရာ၌ လကျ်ာ လက်တော်၊ အရှေ့သမုဒ္ဒရာ၌ လက်ဝဲလက်တော်၊ တောင်သမုဒ္ဒရာ၌ ခြေတော်တင်လျက်၊ စက်တော်မူရသည်ဟု မြင်မက်ခြင်း။

၂။ ဝင်ရိုးပမာ သန္တာနီအဆင်းရှိသော တိရိယမည်သော မြက် သည်၊ ချက်တော်မှ ပေါက်ထွက်၍ ကောင်းကင်ထိ ထွက်သည်ဟု မြင်မက်ခြင်း။

၃။ ဖြူသောအဆင်းရှိသော ပိုးတို့သည် ခြေတော်မှ ပုဆစ်ဒူး တိုင်အောင် တက်သည်ဟု မြင်မက်ခြင်း။

၄။ ဖြူနီကြောင်ကြား အထူးထူးအပြားပြား အဆင်းရှိသော ငှက်တို့သည် အရပ်လေးမျက်နှာမှ လာလတ်ကုန်၍ ခြေတော်ရင်းသို့ ရောက်လာသောအခါ အဆင်းညီတူ အလုံးစုံအဖြူချည်းသာ ဖြစ် သည်ဟု မြင်မက်ခြင်း။

၅။ ကြီးစွာသော မစင်ဘင်ပုတ် တောင်သို့ တက်၍ စင်္ကြံကြွ သော်လည်း ကိုယ်တော်အား အနည်းငယ်မျှ မစင်လိမ်းကပ်ခြင်း မရှိဟု မြင်မက်ခြင်း။

## ၆။ အိပ်မက်မက်ခြင်း အကြောင်း လေးပါး။

အိပ်မက် မြင်မက်သောသူသည်-

၁။ ဓါတ်ချောက်ချားခြင်းကြောင့်ဖြစ်စေ၊

၂။ ရှေးက လေ့ကျင့်ခံစားဘူးသောကြောင့် ဖြစ်စေ၊

၃။ နတ်များ လှည့်စားသောကြောင့်ဖြစ်စေ၊

၄။ ပုဗ္ဗနိမိတ်ကြောင့် ဖြစ်စေ၊ ဤအကြောင်း လေးပါးတို့ကြောင့် မြင်မက်တတ်၏။

ထိုအကြောင်းလေးပါးတို့တွင်—

၁။ သည်းခြေအစရှိသောဓါတ်များ ချောက်ချားသောကြောင့် အိပ်မက် မြင်မက်ရာ၌ တောင်ပေါ်မှ လိမ့်ကျသယောင်ယောင်၊ ကောင်းကင်ခရီးဖြင့် အသည်းတထိတ်ထိတ် သွားရသယောင်ယောင်၊ ဆင်ကြမ်း၊ မြင်းကြမ်း၊ ခြင်္သေ့၊ သစ်၊ ကျား စသော သားရဲများ၊ လူဆိုးသူဆိုး စသည်တို့က မိမိနောက်သို့ တကောက်ကောက်လိုက်နေသယောင်ယောင်ကြောက်မက်ဖွယ်သောအိပ်မက်ကိုမြင်မက်တတ်၏။

၂။ ရှေးက လေ့ကျင့်ခံစားဘူးသောကြောင့် အိပ်မက်မြင်မက်ရာ၌ မိမိ ရှေးကမြင်ဘူးကြားဘူး သုံးဆောင်ဘူးသော အာရုံများကို မြင်ရ ကြားရ သုံးဆောင်ရသယောင်ယောင် မြင်မက်တတ်၏။

၃။ နတ်များ လှည့်စားသောကြောင့် အိပ်မက်မြင်မက်သောသူအား နတ်များက အကျိုးလိုလား၍ဖြစ်စေ၊ အကျိုးမဲ့ကို လိုလား၍ဖြစ်စေ၊ အကျိုးရရန် အကျိုးမဲ့ရရန် အာရုံအမျိုးမျိုးတို့ကို ကပ်၍ဆောင်တတ် ပြတတ်ကုန်၏။ ထိုသူသည် နတ်တို့၏ အာနုဘော်ကြောင့် ထိုအာရုံ အမျိုးမျိုးကို မြင်မက်တတ်၏။

၄။ ပုဗ္ဗနိမိတ်ကြောင့် အိပ်မက်မြင်မက်သောသူသည် ကောင်းမှုမကောင်းမှု(ကုသိုလ်ကံ၊အကုသိုလ်ကံ)အစွမ်းကြောင့် ကောင်းကျိုးမကောင်းကျိုးရဘို့ရန် ရှေ့ပြေး ပုဗ္ဗနိမိတ် ဖြစ်သော အိပ်မက်ကို မြင်မက်တတ်၏။ မဟာမာယာဒေဝီ သားရဘို့ရန် အိပ်မက်မြင်မက်သကဲ့သို့ရင်း၊ ကောသလမင်းကြီး အိပ်မက်ကြီး တဆဲ့ခြောက်ချက်ကို မြင်မက်သကဲ့သို့ရင်း၊ ယခု ဘုရားအလောင်းတော် အိပ်မက်ကြီး

ငါးပါးကို မြင်မက်သကဲ့သို့၊ ကောင်းကျိုး မကောင်းကျိုးဖြစ်ပေါ်ဖို့ရန် မြင်မက်သော အိပ်မက်မျိုးဖြစ်သည်။

အရဆောင်။　　။ဓါတ်မငြိမ်သက်၊ လေ့ကျက်ရှေးခါ၊ ဒေဝါ
နတ်များ၊ လှည့်စားပုဗ္ဗ၊ နိမိတ္တလျှင်၊ အိပ်
မက်မြင်၊ လေးအင် အကြောင်းတည်း။

ထိုအိပ်မက်လေးမျိုးတို့တွင်–

၁။ ဓါတ်ချောက်ချားခြင်းကြောင့် မြင်မက်သော အိပ်မက်သည်ဒင်း။

၂။ ရှေးက လေ့ကျင့် ခံစားဘူးသောကြောင့် မြင်မက်သော အိပ်မက်သည်ဒင်း၊ မက်သည့်အတိုင်း မမှန်တတ်။

၃။ နတ်များ လှည့်စားသောကြောင့် မြင်မက်သော အိပ်မက်ကား မှန်လည်းမှန်တတ်၏။ လွဲလည်း လွဲတတ်၏။

၄။ ပုဗ္ဗနိမိတ်ကြောင့် မြင်မက်သော အိပ်မက်ကား ဧကန် မှန်သည်သာတည်း။

ထိုအိပ်မက်လေးမျိုးကို ဝိပလ္လာသတရား မပယ်ရှားရသေးသောကြောင့် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သာ မြင်မက်ကြ၏။ ရဟန္တာများကား ဝိပလ္လာသတရားပယ်ရှားပြီး ဖြစ်သောကြောင့် မမြင်မက်ကုန်။

အချိန်အလိုအားဖြင့် နေ့အခါ၌ မြင်မက်သောအိပ်မက် ညဦးယံ သန်းခေါင်ယံ မိုးသောက်ယံတို့၌ မြင်မက်သော အိပ်မက်တို့သည် အဟောနှင့် မညီတတ်ကြကုန်။ မိုးသောက် အားကြီး လင်းခါနီး ဝယ် စားသောက်လျက်အပ်သော အစာအာဟာရများကြေကျက်၍ ကိုယ်၌ ဩဇာတည်သောအခါ အာရုဏ်တက်ချိန်၌ မြင်မက်သော အိပ်မက်သည် အဟောနှင့်ညီတတ်၏။ ဣဋ္ဌနိမိတ် အိပ်မက်ကို မြင်

မက်လျှင် ကောင်းကျိုးရတတ်၏။ အနိဋ္ဌနိမိတ် အိပ်မက်ကို မြင်မက်လျှင် မကောင်းကျိုးရတတ်၏။

ရှေးဖေါ်ပြရာပါ အိပ်မက်ကြီး ငါးမျိုးတို့ကို လောကီလူများလည်း မမြင်မက် မင်းများလည်း မမြင်မက်ကြ၊ စကြာမင်းများလည်း မမြင်မက်ကြ၊ အဂ္ဂသာဝကတို့လည်း မမြင်မက်ကြ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့လည်း မမြင်မက်ကြ၊ သဗ္ဗညု မြတ်စွာဘုရားတို့လည်း မြင်မက်တော်မမူကြ၊ သဗ္ဗညုမြတ်စွာဘုရားအလောင်းတော်ပုဂ္ဂိုလ်တမျိုးသာလျှင် မြင်မက်၏။ ငါတို့ဘုရားအလောင်းတော်သည် ထိုအိပ်မက်ကြီး ငါးမျိုးတို့ကို မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လဆန်း ၁၄-ရက်နေ့ ညဉ့်သန်းခေါင်ယံ လွန်မြောက်၍ မိုးသောက်ခါနီး လင်းအားကြီးအချိန်တွင် မြင်မက်တော်မူလေသည်။

## ၇။ ပါဠိဟာရိယ ခေါ်ဆိုပုံ။

အထူးအံ့ဩဘွယ်ရှိသည့်အဖြစ်သို့ ရောက်၍ ဆန့်ကျင်ဘက် ဖြစ်သော ပုဂ္ဂိုလ် ဆန့်ကျင်ဘက်ဖြစ်သောတရားတို့ကို ပယ်ရှားလွင့်နှင်လျက် ဖြစ်တတ်သောကြောင့် ပါဋိဟာရိယ မည်၏။

## ၈။ ယမိုက်တန်ခိုး ထိုသုံးမျိုး။

ထိုသုံးပါးတို့တွင် တန်ခိုးကြီးသော နတ်တို့၏ တန်ခိုးကဲ့သို့ရင်း၊ သိကြားတို့၏ တန်ခိုးကဲ့သို့ရင်း၊ ဗြဟ္မာတို့၏တန်ခိုးကဲ့သို့ရင်း၊ အလိုရှိတိုင်း ပြုခြင်းငှာ သွားခြင်းငှာ ဖန်ဆင်းခြင်းငှာ စွမ်းဆောင်နိုင်သော ဣဒ္ဓိဝိဓ အဘိဉာဏ်သည် ဣဒ္ဓိပါဋိဟာရိယမည်၏။

ကိုယ်တော်မှ ရေမီးအစုံ ထွက်ပေါ်စေ၍ အမျိုးမျိုး ဖန်ဆင်းပြီးလျှင် အံ့ဖွယ်သရဲကိုဖြစ်စေလျက်ပြသော တန်ခိုးတော်သည် ယမကပါဋိဟာရိယ မည်၏။ ဣဒ္ဓိပါဋိဟာရိယမျိုးပင်တည်း။

သင်သည် ဤသို့ ကြံစည်၍နေ၏။ သင်တို့သည် ဤသို့ ကြံစည်ကုန်၏။ သင်၏စိတ်ထဲမှ ဤသို့ဖြစ်၍နေ၏ဟူ၍ သတ္တဝါတို့၏စိတ်ကို ဖြစ်သောအတိုင်း မှန်ကန်စွာညွှန်ကြားဟောပြခြင်းငှာ စွမ်းနိုင်သော စေတောပရိယ အဘိဉာဏ်သည် အာဒေသနာပါဋိဟာရိယမည်၏။

ဤသို့ နှလုံးသွင်းကြကုန်၊ ဤသို့ နှလုံးမသွင်းကြကုန်လင့်၊ ဤသို့ ကျင့်ကြကုန်၊ ဤသို့ မကျင့်ကြကုန်လင့်ဟူ၍ တရားနည်းလမ်းအတိုင်း သတ္တဝါတို့၏စိတ်ကို ကြည်ညိုဘွယ် ရှိလေအောင် ဆွဲဆောင် ဟောကြားခြင်းသည် အနုသာသနီ ပါဋိဟာရိယမည်၏။

## ၉။ ပုဗ္ဗေနိဝါသဉာဏ်။

ပုဗ္ဗေ၊ ရှေးဘဝများစွာ၌။ နိဝါသ၊ နေခဲ့ရ တွေ့ခဲ့ရ ကြုံခဲ့ရ သမျှကို။ ဉာဏ၊ သိသောဉာဏ်။ ဘဝများစွာ ကမ္ဘာများစွာတို့က ဖြစ်ခဲ့ ပျက်ခဲ့ရသောအကြောင်းအရာကိုရင်း၊ ထိုဘဝတုံးက ပတ်ဝန်းကျင်၌ တွေ့ခဲ့ကြုံခဲ့သမျှသော အာရုံများကိုရင်း၊ ပြန်ပြောင်း၍ အောက်မေ့နိုင်သောအသိဉာဏ်ကို ပုဗ္ဗေနိဝါသာနုဿတိ အဘိဉာဏ် ဟု ခေါ်၏။

## ၁၀။ ဒိဗ္ဗစက္ခုဉာဏ်။

ဒိဗ္ဗ၊ နတ်မျက်လုံးနှင့်တူသော။ စက္ခု၊ အဆင်းအာရုံကို မြင်နိုင်သောဉာဏ်။ နတ်မျက်လုံးသည် သေးငယ်သော အဆင်းကိုရင်း၊ ဝေးသောအဆင်းကိုရင်း မြင်နိုင်သကဲ့သို့၊ နတ်မျက်လုံး ထက်ပင်ပို၍ မြင်နိုင်သောဉာဏ်ကို ဒိဗ္ဗစက္ခုဉာဏ်ဟု ခေါ်သည်။

## ၁၁။ အာသဝက္ခယဉာဏ်။

အာသဝ၊ အာသဝေါတရားတို့၏။ ခယ၊ ကုန်ကြောင်းဉာဏ်။ ။ စိမ်ရည်အိုး၌ ကြာမြင့်စွာ စိမ်ထားအပ်သော စိမ်ရည်အရက်ကို

အာသဝဟု ပါဠိလိုခေါ်၏။ ခန္ဓာအစဉ်၌ ကြာမြင့်စွာ ပါရှိသော လောဘဒိဋ္ဌိ မောဟတို့ကိုလည်း စိမ်ရည်အရက်နှင့် တူသောကြောင့် အာသဝ-အာသဝေါတရားဟုခေါ်၏၊ ထိုအာသဝေါတရားတို့သည် အရဟတ္တမဂ်ဉာဏ်ကို ရတော်မူသောအခါ ကုန်သွားသောကြောင့် အရဟတ္တမဂ်ဉာဏ်ကိုပင် အာသဝက္ခယဉာဏ်ဟု ခေါ်သည်။

## ၁၂။ သဗ္ဗညုတ ဉာဏ်တော်၏အစွမ်း။

သဗ္ဗညုတဉာဏ်တော်သည်-

၁။ သိဖွယ်ဟူသမျှတို့ကို အလုံးစုံ အကုန်အစင် သိတော်မူ၏။ ထိုသို့ သိရာ၌ တခုတလေမျှလည်း အမှားအယွင်းမရှိ။

၂။ သိအပ်သော တရားတိုင်းဝယ် သူတပါး နားလည်အောင် မည်သည့်နည်းဖြင့် ဟောထိုက်သည်ဟု တရား တမျိုးတမျိုးလျှင် ဟောနည်း တရားဆင်နည်း အမျိုးမျိုးကိုလည်း သိတော်မူ၏။

၃။ တရားနာမည့် ပုဂ္ဂိုလ်တိုင်း၏ အလိုဆန္ဒ စိတ်ကြိုက်ကိုလည်း နှိုက်နှိုက်ချွတ်ချွတ် သိတော်မူ၏။

ထိုသို့ အစွမ်းသတ္တိ သုံးမျိုးရှိသော ဉာဏ်တော်ဖြင့် ချွတ်ထိုက်သော သတ္တဝါတို့ကို တရားဟောပြ၍ သံသရာဝဋ်မှ ကျွတ်လွတ်အောင် ချွတ်တော်မူလေရာ မရေတွက်နိုင်အောင် များမြောင်သော နတ်ဗြဟ္မာများနှင့် လူအတော်များများတို့ သံသရာ ဝဋ်ဒုက္ခမှ ကျွတ်လွတ်ကြရပေသည်။

## ၁၃။ ဝါကပ်တော်မူရာ (၁၆) ဌာနသရုပ်။

၁။ ဣသိပတနမိဂဒါဝုန်တော၌　　၁-ဝါ။

၂။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌　　၃-ဝါ။

၃။ ဝေသာလီပြည် မဟာဝုဏ်တော၌　　၁-ဝါ။

| | | |
|---|---|---|
| ၄။ | မကုလတောင် ခြားယားတော၌ | ၁-ဝါ။ |
| ၅။ | တာဝတိံသာ နတ်ပြည်၌ | ၁-ဝါ။ |
| ၆။ | သုသုမာရဂိရိပြည်၌ | ၁-ဝါ။ |
| ၇။ | ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ | ၁-ဝါ။ |
| ၈။ | ပါလိလေယျကတော၌ | ၁-ဝါ။ |
| ၉။ | နာလာပုဏ္ဏားရွာ၌ | ၁-ဝါ။ |
| ၁၀။ | ဝေရဉ္စာပြည်၌ | ၁-ဝါ။ |
| ၁၁။ | စာလိယတောင်၌ | ၃-ဝါ။ |
| ၁၂။ | သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ | ၂၀-ဝါ။ |
| ၁၃။ | သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်၌ | ၅-ဝါ။ |
| ၁၄။ | ကပ္ပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းတော်၌ | ၁-ဝါ။ |
| ၁၅။ | အာဠဝီပြည် အဂ္ဂါဠဝက စေတီ၌ | ၁-ဝါ။ |
| ၁၆။ | ဝေဠုဝရွာ၌ | ၁-ဝါ။ |
| | စုစုပေါင်း .... | ၄၅-ဝါ။ |

## ၁၄။ ဗုဒ္ဓ၏ဓာတ်ပရိက္ခရာ။

ဂေါတမမြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူ၍ ဓာတ်တော်တို့ကို ထိုထိုအရပ်သို့ ပျံ့နှံ့စေသည်တွင်-

၁။ တစိတ်သော ဓာတ်တော်သည် ရာဇဂြိုဟ်ပြည်၌ရင်း။
၂။ တစိတ်သော ဓာတ်တော်သည် ဝေသာလီပြည်၌ရင်း။
၃။ တစိတ်သော ဓာတ်တော်သည် ကပ္ပိလဝတ်ပြည်၌ရင်း။
၄။ တစိတ်သော ဓာတ်တော်သည် အလ္လကပ္ပပြည်၌ရင်း။
၅။ တစိတ်သော ဓာတ်တော်သည် ရာမရွာ၌ရင်း။
၆။ တစိတ်သော ဓာတ်တော်သည် ဝေဌဒီပပြည်၌ရင်း။

၇။ တစိတ်သော ဓာတ်တော်သည် ပါဝေယျကပြည်၌ရှင်း။
၈။ တစိတ်သော ဓာတ်တော်သည် ကုသိနာရုံပြည်၌ရှင်း။
စေတီ တည်၍ ပူဇော်ကြလေသည်။
၉။ ကုသိနာရုံပြည်သား ဒေါနပုဏ္ဏားသည် ဓာတ်တော်ခြင်သောအိုးကိုယူ၍ စေတီ-တည်လေသည်။
၁၀။ မောရိယမင်းတို့သည် သင်းချိုင်းတော်မှ စန္ဒကူးမီးသွေးကိုယူ၍ မိမိတို့ပြည်၌ စေတီတည်ရလေသည်။

ရှင်းလင်းချက်။ ။ထိုစေတီတော်တို့တွင် ရှစ်ဆူသော စေတီတို့သည် ကိုယ်တော်မှဖြစ်သော သာရီရိက စေတီတို့တည်း။ ကိုးခုမြောက်ကား ဓါတ်တော်အိုး စေတီတည်း။ ဆယ်ခုမြောက်ကား မီးသွေးစေတီဘည်း။

## ၁၅။ အသမ္ဘိန္နဓါတ်တော်(၇)ပါး။

၁။ နဖူးသင်ကျစ်တော်သည် သီဟိုဠ်ကျွန်း၌ရှင်း။
၂။ လက်ဝဲညှပ်ရိုးတော်သည် ဗြဟ္မာ့ပြည်၌ရှင်း။
၃။ လက်ျာညှပ်ရိုးတော်သည် သီဟိုဠ်ကျွန်း၌ရှင်း။
၄။ လက်ျာအထက်စွယ်တော်သည် တာဝတိံသာ နတ်ပြည်၌ရှင်း။
၅။ လက်ျာအောက်စွယ်တော်သည် နဂါးပြည်၌ရှင်း။
၆။ လက်ဝဲအထက်စွယ်တော်သည် ဂန္ဓာရရာဇ်ပြည်၌ရှင်း။
၇။ လက်ဝဲအောက်စွယ်တော်သည် ကလိင်္ဂရာဇ်ပြည်၌ရှင်း တည်လေသည်။

မှတ်ချက်။ ။ဤ(၇)ဆူသော ဓါတ်တော်တို့သည် တေဇောဓါတ်လောင်ရာ၌ မပြိုမကွဲ တည်သည်ဖြစ်၍ အသမ္ဘိန္နဓာတ်

မည်သည်။ ကြွင်းသော အရိုးအသားတို့သည် မုန်ညင်းစေ့ ပမာဏ ဆံကျိုးပမာဏ ပဲနောက်စေ့ပမာဏဖြစ်၍ တည်ရကား သမ္ဘိန္နဓါတ် မည်ကုန်၏။

အမျှ ၄၀ သော သွားတော်တို့ကိုရင်း အလုံးစုံသော ဆံတော် အမွေးတော်တို့ကိုရင်း၊နတ်တို့သည် တချောင်းစီစကြာဝဠာတပါးသို့ ဆောင်လေကုန်၏။

သပိတ်တော် တောင်ဝှေးတော် သင်္ကန်းတော်တို့သည် ဝဇီရာ ပြည်၌ရှင်း။ သင်းပိုင်တော်သည် ကုလဃရပြည်၌ရှင်း။ ခင်းနှီးတော်သည် ကပိလ အမည်ရှိသော ပြည်၌ရှင်း။ ဓမ္မကရိုဏ်းတော် ခါးပန်းတော်တို့သည် ပါဋလိပုတ် ပြည်၌ရှင်း။ ရေသနုတ်တော်သည် စမ္ပာ ပြည်၌ရှင်း။ ဥဏ္ဏာလုံ မွေရှင်တော်သည် ကောသလ တိုင်း၌ရှင်း။ ရဟန်းပြုသောအခါ လဲတော်မူသော ကိုယ်ဝတ်တော်သည် အကနိဋ္ဌ ဗြဟ္မာ့ပြည်၌ရှင်း။ ဦးရစ်တော်သည် တာဝတိံသာ နတ်ပြည်၌ရှင်း။ နိသီဒိုင်သည် အဝန္တိပြည်၌ရှင်း။ မြေခင်းနှီးတော်သည် ဒေဝတိုင်း၌ရှင်း။ မီးပွတ်တော်သည် မိဓိလာ ပြည်၌ရှင်း။ ရေစစ်တော်သည် ဝိဒေဟတိုင်း၌ရှင်း။ ပဲခွပ်တော်နှင့် အပ်ကျည်သည် ဣန္ဒပတ္တနဂိုရ် ပြည်၌ရှင်း တည်လေသည်။ ကြွင်းသော ပရိက္ခရာတို့သည် အပရန္တ ဇနပုဒ်၌တည်လေသည်ဟူ၍ ဗုဒ္ဓဝင်ပါဠိတော်၌ လာလေသည်။

### ၁၆။ စေတီယဌာန ( ၄ ) ပါး။

၁။ မြတ်စွာဘုရားဘွားတော်မူရာ လုမ္ဗိနီဥယျာဉ်အရပ်တပါး။

၂။ ဘုရားအဖြစ်သို့ ရောက်တော်မူရာ မဟာဗောဓိမဏ္ဍိုင် အရပ်တပါး။

၃။ ဓမ္မစကြာတရား ဟောတော်မူရာ ဣသိပတန မိဂဒါဝုန် အရပ်တပါး။

၄။ ပရိနိဗ္ဗာန်စံလွန်တော်မူရာ ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အရပ်တပါး။

## ၁၇။ ရှင်တော်ဗုဒ္ဓဂေါတမ ပဗ္ဗဇိတကိုးကြိမ်လာ။

၁။ ဝိဇိတာဝီ စကြာမင်းဘဝ (ကောဏ္ဍညဘုရားလက်ထက်)
၂။ သုရုစိပုဏ္ဏားဘဝ (မင်္ဂလဘုရားလက်ထက်)
၃။ ဥတ္တရလုလင်ဘဝ (သုမေဓါဘုရားလက်ထက်)
၄။ စကြာမင်းဘဝ (သုဇာတဘုရားလက်ထက်)
၅။ ဝိဇိတာဝီမင်းဘဝ (ဖုဿဘုရားလက်ထက်)
၆။ သုဒဿနမင်းဘဝ (ဝေဿဘူဘုရားလက်ထက်)
၇။ ခေမမင်းဘဝ (ကကုသန္ဓဘုရားလက်ထက်)
၈။ ပဗ္ဗတမင်းဘဝ (ကောနာဂမနဘုရားလက်ထက်)
၉။ ဇောတိပါလလုလင်ဘဝ (ကဿပဘုရားလက်ထက်)

## ၁၈။ ရတနာသုံးပါး၏သရဏမည်ခြင်း အကြောင်း။

ဆင်းရဲအပေါင်းကို ဖျက်ဆီးတတ် ညှင်းဆဲတတ်သောကြောင့်၎င်း၊ ချမ်းသာကိုဖြစ်စေတတ်သောကြောင့်၎င်း ရတနာသုံးပါးသည် သရဏမည်ပါသည်။ (တနည်း)အရိုအသေပြုအပ် ပူဇော်အပ်သော သဘောရှိခြင်း၊ တုဘက်ကင်းသော သဘောရှိခြင်း၊ အတိုးများစွာ ရှိသော သဘောရှိခြင်း၊ သုံးဆောင်ရာ ဟူသော အနက်သဘော ရှိခြင်းတို့ကြောင့် သရဏဂုံသုံးပါးသည် ရတနာမည်ပါသည်။

## ၁၉။ သရဏဂုံ နှစ်မျိုးအကြောင်း။

သရဏဂုံသည်–

၁။ ဧ[redacted]သရဏဂုံ။

၂။ လောကီ သရဏဂုံ ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် သောတာပတ္တိမဂ် ခဏ၌ဖြစ်သော သရဏဂုံသည် လောကုတ္တရာ သရဏဂုံမည်၏။

လောကီသရဏဂုံသည်-

၁။ ယထာတထာ သရဏဂုံ။

၂။ နိဗ္ဗေမတိက သရဏဂုံ။

၃။ နိဗ္ဗေဓဘာဂိယ သရဏဂုံ ဟူ၍သုံးပါးအပြားရှိ၏။

ထိုသုံးပါးတို့တွင်-

၁။ လောက၌ များသောအားဖြင့် သူတပါးတို့ ဆောက်တည်သောကြောင့် အတုလိုက်၍ ဆောက်တည်ခြင်း၊ အနက်သဒ္ဒါတို့ကိုလည်းမသိ ရေဘ်ရမ်း မှန်းဆကာမျှဖြင့် ဆောက်တည်သော သရဏဂုံသည် ယထာတထာ သရဏဂုံမည်၏။

၂။ ရတနာသုံးပါးတို့၏ ဂုဏ် - အနက်သဘောကိုလည်း သိ၏။ ထိုအနက်၏သဒ္ဒါကိုလည်းသိ၏။ ထိုသဒ္ဒါအနက်တို့၌ သံသယလည်းကင်း၏။ မိမိ၏ကြည်ညိုဆည်းကပ်သော စိတ်ကိုလည်းသိ၏။ ထိုစိတ်၌လည်း သံသယကင်း၏။ ဤသို့ ရတနာသုံးပါး-မိမိ ဆည်းကပ်သော စိတ်နှစ်ပါးစုံ၌ ယုံမှားကင်းအောင် ကျင့်သုံး ဆောက်တည်နိုင်သော စိတ္တုပ္ပါဒ်သည် နိဗ္ဗေမ တိက သရဏဂုံမည်၏။

၃။ ဤနိဗ္ဗေမတိက သရဏဂုံဖြင့် ဝဋ်သုံးပါးမှထွက်မြောက်ရန်အတွက် ရည်ရွယ်လျက် သရဏဂုံ ခံယူခြင်းသိက္ခာပုဒ်ကို ဆောက်တည်ခြင်း၊သာမဏေပြုခြင်း၊ ပဉ္စင်းခံခြင်း၊စတုပါရိသုဒ္ဓိသီလကို ပြည့်စေခြင်း၊ အဓိစိတ္တသိက္ခာဟုဆိုအပ်သော စျာန်သမာပတ်၌ယှဉ်ခြင်း၊ ဝိပဿနာကိုပွားများခြင်းအားဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်၏ ဉပနိဿယအဘို့ဖြစ်သော သရဏဂုံစိတ်သည် နိဗ္ဗေဓဘာဂိယ သရဏဂုံမည်၏။

## ၂၀။ သရဏဂုံ ဆောက်တည်နည်း လေးမျိုး။

၁။ အတ္တသန္နိယျာတန သရဏဂုံ (မိမိကိုယ်ကို ရတနာသုံးပါး အား အပ်နှင်း၍ ဆောက်တည်ခြင်း)။

၂။ တပ္ပရာယန သရဏဂုံ (ရတနာသုံးပါးလျှင် လည်းလျောင်း ရာအဖြစ်ဖြင့် ဆောက်တည်ခြင်း)။

၃။ သိဿဘာဝူပဂမန သရဏဂုံ (ဗုဒ္ဓရှင်တော်မြတ်ထံ တပည့် ခံ၍ ဆောက်တည်ခြင်း)။

၄။ ပဏိပါတ သရဏဂုံ (ရတနာ သုံးပါးအပေါ်၌ ထူးချွန် လွန်ကဲသော လက်အုပ်ချီမှု ရှိသေပျပ်ဝပ်မှုဖြင့် ဆောက် တည်ခြင်း)။

(မှတ်ချက်)။ ။ ၄ - မျိုး လုံး စုံမှ သရဏဂုံ မြောက်သည်ဟု မဆိုလိုပါ၊ ထိုလေးပါးသော သရဏဂုံတို့တွင်၊ တပါး ပါးကို ခံယူဆောက်တည်ပါက သရဏဂုံ ဆောက်တည် သည် မည်၏။

## ၂၁။ လောကီ သရဏဂုံ အကျိုးလေးပါး။

၁။ အပါယ်လေးပါးမှ လွတ်မြောက်ရခြင်း အကျိုးတပါး။

၂။ နတ်ရွာ သုဂတိသို့ လားရောက်ရခြင်း အကျိုးတပါး

၃။ ရှင်တော်ဘုရား၏ သားရင်းဖြစ်ရခြင်း အကျိုးတပါး။

၄။ ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့၏ အချွတ်ကို ခံရခြင်း တပါး။

## ၂၂။ တနည်း လောကီသရဏဂုံ၏ အကျိုး (၁၀) ပါး။

ထိုမှတပါး ဖြစ်လေရာရာ ဘဝသံသရာတို့၌—

၁။ အာယု၊ အသက်ရှည်ခြင်း။

၂။ ဝဏ္ဏ၊ အဆင်းလှခြင်း။
၃။ သုခ၊ ချမ်းသာကြီးခြင်း။
၄။ ဗလ၊ ခွန်အားကြီးခြင်း။
၅။ ပဋိဘာန၊ ပညာကြီးခြင်း။ တည်းဟူသော အဇ္ဈတ္တ အကျိုး ငါးပါး။

၁။ ရူပ၊ အဆင်းလှခြင်း။
၂။ သဒ္ဒ၊ အသံကောင်းခြင်း၊
၃။ ဂန္ဓ၊ အနံ့ကောင်းခြင်း။
၄။ ယသ၊ အခြံအရံများခြင်း
၅။ အဓိပတေယျ၊ အစိုးရခြင်း။

တည်းဟူသော ဗဟိဒ္ဓအအကျိုး ငါးပါး၊ ပေါင်း (၁၀) ပါးသောအကျိုးရကြောင်း အရှင်မောဂ္ဂလာန်က သိကြားမင်းအား ဟောကြားလေ၏။

## ၂၃။ လောကုတ္တရာသရဏဂုံ ပဉ္စက္ခအကျိုးငါးပါး။

၁။ သံဒိဋ္ဌိက၊ မိမိ၏ သန္တာန်၌ ကိလေသာ မရှိကြောင်းကို မျက်မှောက်ပြုရခြင်း။
၂။ အကာလိက၊ ကိလေသာမရှိသောအကျိုးကို အခါမလင့် ခံစားရခြင်း။
၃။ ဧဟိပဿိက၊ မဂ်ဉာဏ်က ' ပညဝန္တ ' တရားစုကို ခေါ်သကဲ့သို့ရှိခြင်း။
၄။ ဩပနေယျိက၊ မဂ်ဉာဏ်ဖြင့် ကပ်၍ ဆောင်အပ်သည်ကို ခံရခြင်း။
၅။ ပစ္စတ္တံ ဝေဒိတဗ္ဗ၊ မိမိရသောနိဗ္ဗာန်ကို မိမိသာလျှင်သိရခြင်း။

ဤသို့အားဖြင့် လောကုတ္တရာပစ္စက္ခအကျိုး ၄ ါးပါးတည်း။

## ၂၄။ လောကုတ္တရာ သရဏဂုံ တမလွန်အကျိုး ရှစ်ပါး။

၁။ ဒိဋ္ဌခမ္မ၊ နိဗ္ဗာန်ကို ကိုယ်တိုင်တွေ့မြင်ရခြင်း။
၂။ ပတ္တခမ္မ၊ နိဗ္ဗာန်သို့ရောက်သောအဖြစ်သို့ ရောက်ရခြင်း။
၃။ ဝေဒိတဓမ္မ၊ နိဗ္ဗာန်ကိုသိခြင်း။
၄။ ပရိယောဂါဠ္ဌဓမ္မ၊ နိဗ္ဗာန်သို့သက်ဝင်ရခြင်း။
၅။ တိဏ္ဏဝိစိကိစ္ဆာ၊ နိဗ္ဗာန်၌ ယုံမှားကင်းရခြင်း။
၆။ ဝိဂတကထံကထ၊ ဟုတ်သည် မဟုတ်သည်၌ ယုံမှားကင်းရခြင်း။
၇။ ဝေသာရဇ္ဇပတ္တ၊ နိဗ္ဗာန်ကို ငါမြင်၏ဟု ရဲဝံ့စွာ ဥာဏ်ဖြင့် ရောက်ခြင်း။
၈။ အပရပ္ပစ္စယ၊ ဤဆရာမှတပါး အခြားသောဆရာ ရှာဘွယ် မရှိခြင်း။ ဤသို့အားဖြင့် လောကုတ္တရာသရဏဂုံ တမလွန် အကျိုး ရှစ်ပါးတည်း။

## ၂၅။ ရှိခိုးသောအခါ စိတ်ထားရန်။

ဘုရားကိုရှိခိုးသောအခါ၊ ကိလေသာကို အကုန်သတ်၍ လူနတ်တို့၏အပူဇော်ကိုခံထိုက်ပြီး၊ အရဟံ အမည်ရှိသောဘုရားဟု စိတ်ထဲ၌ ထား၍ ရှိခိုး ဦးချ ပူဇော်ရပါမည်။

တရားတော်ကို ရှိခိုးပူဇော်သောအခါ အပါယ်စသော ဆင်းရဲ ဒုက္ခတို့၌ မကျရောက်အောင် ထုတ်ဆောင် ကယ်တင်တော်မူတတ် သော တရားတော်ဟုစိတ်ထဲ၌ထား၍ ရှိခိုးပူဇော်ရပါမည်။

သံဃာကို ရှိခိုးသောအခါ ဝဋ္ဋဆင်းရဲမှ ကင်းရန် ဖြောင့်မှန်

ကောင်းမွန်သော အကျင့်ကို ကျင့်ကြသော သံဃာတော် အရှင်မြတ်များ ကျန်းမာ ချမ်းသာတော်မူကြပါစေဟု စိတ်ထား၍ ရှိခိုးဦးချရပါမည်။

အမိအဘကိုရှိခိုးသောအခါ ငါ၏မိခင်ဘခင် ကျေးဇူးရှင်သည် စည်းစိမ်မပျက် အသက်ရှည်စွာ ကျန်းမာ ချမ်းသာတော် မူကြပါစေဟု မေတ္တာစိတ်ထား၍ ရှိခိုးရပါမည်။

ဆရာကိုရှိခိုးသောအခါ ငါ၏ ဆရာသခင် ကျေးဇူးရှင်သည် အသက်ရှည်ကြာ ကျန်းမာ ချမ်းသာတော်မူကြပါစေဟု မေတ္တာစိတ်ထား၍ ရှိခိုးရပါမည်။

## ၆။ ရှစ်ပါးသီလတောင်းရန်ပါဠိ

အဟံဘန္တေ တိသရဏေနသဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။ ဒုတိယမ္ပိ။ ။တတိယမ္ပိ။

(ရှစ်ပါးသီလ တောင်းရန်အနက်)

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊အကျွန်ုပ်သည်။ တိသရဏေန၊သုံးပါးသော ကိုးကွယ်ရာနှင့်။ သဟ၊ တကွ။ အဋ္ဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ဥပေါသထသီလံ၊ဥပုသ်သီလဟုဆိုအပ်သော။ ဓမ္မံ၊ကျင့်ဝတ် တရားတော်မြတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ မေ၊ အကျွန်ုပ်အား။ အနုဂ္ဂဟံ၊ ချီးမြှောက်ထောက်ပံ့ခြင်းကို။ ကတွာ၊ပြုတော်မူကြကုန်၍။ သီလံ၊ ရှစ်ပါးသီလကို။ ဒေထ၊ ပေးသနားတော်မူပါကုန်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။

(ရှစ်ပါးသီလသိက္ခာပုဒ်ပါဠိ)

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

၃။ အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၆။ ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

(ရှစ်ပါး သီလသိက္ခာပုဒ်အနက်)

၁။ ပါဏာတိပါတာ၊ သူ့အသက်ကိုသတ်ခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော။ သိက္ခာပဒံ၊ ကျင့်ဝတ်သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၂၊ အဒိန္နာဒါနာ၊ ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါး၏ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော။ သိက္ခာပဒံ၊ ကျင့်ဝတ်သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၃။ အဗြဟ္မစရိယာ၊မမြတ်သောမေထုန်အကျင့်ကိုကျင့်ခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော။ သိက္ခာပဒံ၊ ကျင့်ဝတ်သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၄။ မုသာဝါဒါ၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ။ ။ပ။သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၅။ သုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာ၊ မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကိုသောက်ခြင်းမှ ။ပ။သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၆။ ဝိကာလဘောဇနာ နေလွဲပြီးသောအခါ၌ ဘောဇဉ် အာဟာရကို စားသောက်ခြင်းမှ ။ပ။သမာဒိယာမိ ဆောက်တည်ပါ၏။

၇။ နစ္စ၊ မိမိကိုယ်တိုင်ကခြင်း သူတပါးကို ကစေခြင်း။ ဂီတ၊ မိမိကိုယ်တိုင် သီဆိုခြင်း သူတပါးကို သီဆိုစေခြင်း။ ဝါဒိတ၊ မိမိကိုယ်တိုင်တီးမှုတ်ခြင်း သူတပါးကိုတီးမှုတ်စေခြင်း။ ဝိသူကဒဿနာ၊ သာသနာတော်၏ ဆူးငြောင့်သဖွယ် ဖြစ်သော ထိုကခြင်း သီခြင်း တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်း။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ပန်းပန်ခြင်းနံ့သာလိမ်းခြင်း၊ သနပ်ခါး ပေါင်ဒါတို့ဖြင့် အတင့်အတယ် အပြေအပြစ် ပြုခြင်း၊ မှန်ကူ၍ တန်ဆာဆင်ခြင်းမှ ။ပ။သမာဒိယာမိ၊ဆောက်တည်ပါ၏။

၈။ ဥစ္စာသယနမဟာသယနာ၊တတောင့်ထွာထက်အခြေရှည်၍ မြင့်သောနေရာ သားမွေး၊ လဲ၊ ဝါဂွမ်းစသည် သွတ်၍ ဆန်းကျယ်စွာ ပြုအပ်သဖြင့် မြတ်သောနေရာမှ။ ဝေရမဏိ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော၊ သိက္ခာပဒံ၊ ကျင့်ဝတ် သိက္ခာ ပုဒ် ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

## ၂၇။ ပါဏာတိပါတာ အင်္ဂါငါးပါး။

၁။ ပါဏော၊ အသက်ရှိသော သတ္တဝါဖြစ်ခြင်း။

၂။ ပါဏသညိတာ၊ သတ္တဝါဟုအမှတ်ရှိခြင်း။

၃။ ဝဓကစိတ္တံ၊ သတ်လို သေလိုသောစိတ်။

၄။ ဥပက္ကမော၊ သတ်ခြင်းငှါ လုံ့လပြုခြင်း။
၅။ တေနမရဏံ၊ ထိုလုံ့လဖြင့် သေခြင်း။

## ၂၈။ အဒိန္နာဒါနာ အင်္ဂါငါးပါး။

၁။ ပရပရိဂ္ဂဟိတ၊ သူတပါး သိမ်းဆည်းအပ်သော ဥစ္စာဟု အမှတ်ရှိခြင်း။
၂။ ပရပရိဂ္ဂဟိတသညိတာ၊ သူတပါး သိမ်းဆည်း အပ်သော ဥစ္စာဟု အမှတ်ရှိခြင်း။
၃။ ထေယျစိတ္တံ၊ ခိုးလိုသောစိတ်ရှိခြင်း။
၄။ ဥပက္ကမော၊ ခိုးခြင်းငှါ လုံ့လပြုခြင်း။
၅။ တေနဟာရဏံ၊ ထိုလုံ့လဖြင့်ခိုးခြင်း။

## ၂၉။ ကာမေသုမိစ္ဆာစာရ အင်္ဂါလေးပါး။

၁။ အဂမနီယဝတ္ထု၊ မသွားလာအပ်သောဝတ္ထု။
၂။ တသ္မိံ သေဝနစိတ္တံ၊ ထိုဝတ္ထု၌ မှီဝဲလိုသောစိတ်။
၃။ သေဝနပယောဂေါ၊ မှီဝဲခြင်းငှါ လုံ့လပြုခြင်း။
၄။ မဂ္ဂေန မဂ္ဂပဋိပတ္တိ အဓိဝါသနံ၊ မဂ်တပါးဖြင့်မဂ်တပါး၌ ထည့်သွင်းခြင်း၌ သာယာခြင်း။

## ၃၀။ ကာမေသုမိစ္ဆာစာရကံ ထိုက်နိုင်သော ပုဂ္ဂိုလ်များ။

ယောကျ်ား မိန်းမ နှစ်မျိုးတို့တွင် အဘယ်ပုဂ္ဂိုလ်မျိုး၌ ကာမေသု မိစ္ဆာစာရကံ ထိုက်ပါသနည်း။
၁။ မာတုရက္ခိတာ၊ မုဆိုးမအမိ ထိန်းသိမ်းထားသော အပျို။
၂။ ပိတုရက္ခိတာ၊ မုဆိုးဖိုအဖ ထိန်းသိမ်းထားသောအပျို။

၃။ မာတာပိတုရက္ခိတ၊ မိဘနှစ်ပါးလုံး ထိန်းသိမ်းထားသော အပျို။
၄။ ဘဂိနိရက္ခိတ၊ အမညီမ ထိန်းသိမ်းထားသောအပျို။
၅။ ဘာတုရက္ခိတ၊ မောင်ကြီး မောင်ငယ် ထိန်းသိမ်းထားသော အပျို။
၆။ ဉာတိရက္ခိတ၊ ဆွေမျိုး ထိန်းသိမ်းထားသောအပျို။
၇။ ဂေါတ္တရက္ခိတ၊ အနွယ်အမျိုးထိန်းသိမ်းထားသောအပျို။
၈။ ဓမ္မရက္ခိတ၊ တရား အတူကျင့်သူ ထိန်းသိမ်းထားသော အပျို။ ဤ (၈)ယောက်သော မိမ္မပျိုတို့ကို သေချာစွာ မှတ်ထားပါ။
၉။ သာရက္ခ၊ မိဘချင်း ထိမ်းမြားထားသော လင်ရှိမိန်းမ။
၁၀။ သပရိဒဏ္ဍာ၊ မင်းတို့ စောင့်ရှောက်ရသော လင်ရှိမိန်းမ။
၁၁။ ဓနက္ကိတ၊ ဥစ္စာဖြင့် ဝယ်ယူထားသော လင်ရှိမိန်းမ။
၁၂။ ဆန္ဒဝါသိနီ၊ ရုံး၌လက်မှတ်ထိုးထားသော လင်ရှိမိန်းမ။
၁၃။ ဘောဂဝါသိနီ၊ စည်းစိမ်ဥစ္စာ ကြောင့်နေသော လင်ရှိ မိန်းမ။
၁၄။ ပဋဝါသိနီ၊ အဝတ်အစားရ၍ နေသော လင်ရှိမိန်းမ။
၁၅။ ဩဒပတ္တကိနီ၊ ရေခွက်၌လက်ဆုံချ၍ရသော လင်ရှိမိန်းမ။
၁၆။ ဩဘဋစုမ္ဗဋာ၊ ခေါင်းခု အချခိုင်းပြီး ယူထားသောလင်ရှိ မိန်းမ။
၁၇။ ဓဇာဟဋာ၊ စစ်တိုက်ရာမှ ယူဆောင်လာသော သုံ့ပန်း လင်ရှိမိန်းမ။
၁၈။ ကမ္မကာရီဘရိယာ၊ အလုပ်လုပ်ရာမှ ယူထားသော လင်ရှိ မိန်းမ။

၁၉။ ဒါသီဘရိယာ၊ ကျွန်ကိုယူထားသော လင်ရှိမိန်းမ။
၂၀။ မုဟုတ္တိကာ၊ ခဏငှားထားသောပြည့်တန်ဆာလင်ရှိမိန်းမ။

ဤ (၁၂) ယောက်သော လင်ရှိမိန်းမ တို့ ကို လည်း သေသေချာချာ မှတ်ထားပါ၊ ယောကျ်ား များ သည် ဤ မိန်းမ (၂၀)၌ ကျူးလွန်ခဲ့သော်၊ ကာမေသုမိစ္ဆာစာရကံ ထိုက်၏။ (၈)ယောက်သော မိန်းမပျို တို့သည် ယောကျ်ား တပါးနှင့် ကျူးလွန်ခဲ့သော် ကာမေသုမိစ္ဆာစာရကံ မထိုက်၊ အဘယ့်ကြောင့် ဆိုသော် ကိုယ့်ကာမကို ကိုယ်သာပိုင်၏။ မိဘစသည်တို့ကား ဆိုင်ရုံသာဆိုင်၍ မပိုင်နိုင်ပေ။

## ၃၁။ သုရာပါနကို ကာမေသုမိစ္ဆာစာရ၌ ထည့်သွင်းခြင်းအကြောင်း။

သုရာပါန၏ ရသာရုံဟုဆိုအပ်သော ကာမဂုဏ်တို့၌ ဖေါက်ပြန်သော အကျင့်ဖြစ်သောကြောင့်၊ သုရာပါနကိုကာမေသုမိစ္ဆာစာရ၌ ထည့်သွင်းရပါသည်။

## ၃၂။ သုရာမေရယကံ အင်္ဂါလေးပါး။

၁။ သုရာဒိအညတြတာ၊ သုရာစသည် တပါးပါးဖြစ်ခြင်း။
၂။ ပါတုကာမော၊ သောက်လိုသောစိတ်။
၃။ ပီတံ၊ သောက်မျိုခြင်း။
၄။ မဒ္ဒနံ၊ မူးယစ်မေ့လျော့ခြင်း။

## ၃၃။ သုရာငါးပါး။

၁။ ပိဋ္ဌသုရာ၊ မုံ့ညက်ဖြင့်ပြုသော သေ။
၂။ ပူဝသုရာ၊ မုံ့ဖြင့်ပြုသော သေ။
၃။ ဩဒနသုရာ၊ ထမင်းဖြင့်ပြုသော သေ။

၄။ ကိဏ္ဏပက္ခိတ္တသုရာ၊ ရောပြွမ်း၍ ထည့်အပ်သော သေ။
၅။ သမ္ဘာရသံယုတ္တသုရာ၊ အဆောက်အဦးတို့နှင့်ယှဉ်၍ ပြုအပ်သော သေ။

## ၃၄။ မေရယ ၅-ပါး။

၁။ ပုပ္ဖာသဝေါ၊ သစ်ပွင့်ဖြင့်ပြုအပ်သော အရက်။
၂။ ဖလာသဝေါ၊ သစ်သီးဖြင့်ပြုအပ်သော အရက်။
၃။ မဓွါသဝေါ၊ ပျားရည်ဖြင့်ပြုအပ်သော အရက်။
၄။ ဂုဠာသဝေါ၊ တင်လဲဖြင့်ပြုအပ်သော အရက်။
၅။ သမ္ဘာရသံယုတ္တော၊ အထူးထူးသော အဆောက်အဦးတို့နှင့် ပြုအပ်သော အရက်။

## ၃၅။ မုသာဝါဒအင်္ဂါ ၄-ပါး။

၁။ အတထဝတ္ထု၊ မဟုတ်မမှန်သော ဝတ္ထု။
၂။ ဝိသံဝါဒနစိတ္တံ၊ ချွတ်ယွင်းစေလိုသော စိတ် ရှိခြင်း။
၃။ တဇ္ဇောဝါယာမော၊ ထိုချွတ်ယွင်းမှုကို လုံ့လပြုခြင်း။
၄။ ပရဿတ ဒတ္ထဝိဇာနနံ၊ သူတပါး၏ ထိုစကား အနက် အဓိပ္ပါယ်ကိုသိခြင်း။

## ၃၆။ ပိသုဏာဝါစာ အင်္ဂါ ၄-ပါး။

၁။ ဘိန္ဒိတဗ္ဗောပရော၊ ကွဲပြားစေအပ်သောသူ။
၂။ ဘေဒပုရေက္ခာရတာ၊ ကွဲပြားမှုကို ရှေးရှုသည်၏အဖြစ်။
၃။ တဇ္ဇောဝါယာမော၊ ထိုကွဲပြားမှုကို လုံ့လပြုခြင်း။
၄။ တဿတ ဒတ္ထ ဝိဇာနနံ၊ ထို ကွဲ ပြား စေ အပ် သော သူ ၏ ထိုစကား၏အနက်ကို သိခြင်း။

### ၃၇။ ဖရုသဝါစာအင်္ဂါ ၃-ပါး။

၁။ အက္ကောသိတဗ္ဗောပရော၊ ဆဲရေးအပ်သောသူ။
၂။ ကုပိတစိတ္တံ၊ အမျက်ထွက်သောစိတ်။
၃။ အက္ကောသနံ၊ ဆဲရေးခြင်း။

### ၃၈။ သမ္ဖပ္ပလာပ အင်္ဂါ ၂-ပါး။

၁။ နိရတ္ထကကထာ ပုရေက္ခာရတာ၊ အကျိုးမရှိသော စကားကို ရှေးရှုသည်၏အဖြစ်။
၂။ တထာရူပိကထာ ကထနံ၊ ထိုသို့သဘောရှိသော အကျိုးမဲ့ စကားကို ယုံကြည်အောင် ပြောဆိုခြင်း။

### ၃၉။ အဘိဇ္ဈာ အင်္ဂါ ၂-ပါး။

၁။ ပရဘဏ္ဍံ၊ သူတပါး၏ဥစ္စာဖြစ်ခြင်း။
၂။ အတ္တနောပရိဏာမနံ၊ မိမိသို့ ညွတ်စေခြင်း။

### ၄၀။ ဗျာပါဒ အင်္ဂါ ၂-ပါး။

၁။ ပရသတ္တော၊ တပါးသော သတ္တဝါဖြစ်ခြင်း။
၂။ တဿဝိနာသနစိန္တာ၊ ထိုသတ္တဝါ၏ပျက်စီးခြင်းကိုကြံစည်ခြင်း။

### ၄၁။ မိစ္ဆာဒိဋ္ဌိ အင်္ဂါနှစ်ပါး။

၁။ ဝိပရိတဒဿနံ၊ ဘောက်ပြန်သောအမြင်။
၂။ တဂ္ဂဟနံ၊ ထိုအမြင်အတိုင်း စွဲယူခြင်း။

### ၄၂။ မင်္ဂလာတရား ၃၈-ပါး မှတ်သားရန်သံပေါက်။

၁။ သာဝတ္ထိတောင်မှန် ဇေတဝန် စောမှန်တို့မြတ်စွာ၊
၂။ အမျိုးမည်အား မထင်ရှား နတ်သားတောင်းပန်လာ၊
၃။ မင်္ဂလာတရား သရုပ်များ မှတ်သားသိလိုက်ပါ၊
၄။ နိဗ္ဗာန်တောင်းတ လိုခြင်ကြ ဒေဝမနုဿာ၊
၅။ တဆဲ့နှစ်နှစ် သက္ကရာဇ် ကြံလစ်ထွေထွေလာ၊

၆။ မင်္ဂလာတရား ကြံစီငြား ထင်ရှား မရှိပါ၊
၇။ နတ်လူတို့အား ချမ်းသာများ ကြီးပွား စေဘို့ရာ၊
၈။ ဘုန်းတော်ကြီးမား မြတ်ဘုရား ဟောကြား မင်္ဂလာ၊
၉။ သုံးဆဲ့ရှစ်ပါး ဤတရား ရေးသား သံပေါက်ပါ၊
၁၀။ ချမ်းသာလိုလား အမျိုးသား ကြိုးစား ကျက်မှတ်ပါ။

## ၄၃။ အာသေဝနာစ ပုဒ်၌ ၃-ပါး။

၁။ အာသေဝနာစ ဗာလနံ၊ အသိဥာဏ်ကင်း လူမိုက်ဖျင်း ပေါင်းသင်း မမှီရာ။
၂။ ပဏ္ဍိတာနဉ္စသေဝနာ၊ တရားမြင်သိ ပညာရှိ ပေါင်းဘိမှီဝဲရာ။
၃။ ပူဇာစပူဇနေယျာနံ၊ရှိခိုးဦးခိုက်ပူဇော်ထိုက်ဦးတိုက်ပူဇော်ပါ။ ဧတံမင်္ဂလမုတ္တမံ၊ဤသည် ၃ပါးမြတ်တရားမှတ်သားမင်္ဂလာ။

## ၄၄။ ပဋိရူပ ပုဒ်၌ ၃-ပါး။

၄။ ပဋိရူပဒေသဝါသောစ၊ သာသနာ ထွန်းလတ် သင့်တော်ရပ် ချဉ်းကပ် နေထိုင်ရာ။
၅။ ပုဗ္ဗေစကတပုညတာ၊ ရှေးဘဝက ပြုခဲ့ရ ပုညကောင်းမှုသာ။
၆။ အတ္တသမ္မာပဏိဓိစ၊ ကိုယ့်ကိုဆုံးမ ဆောက်တည်ရ ထားကြံစိတ်ကောင်းပါ။ ဧတံမင်္ဂလမုတ္တမံ၊ဤသည်သုံးပါးမြတ်တရား မှတ်သားမင်္ဂလာ။

## ၄၅၊ ဗာဟုသစ္စဉ္စ ပုဒ်၌ ၄-ပါး။

၇။ ဗာဟုသစ္စဉ္စ၊အမြင်အကြားပညာများသင်ကြားစုဆောင်းပါ
၈။ သိပ္ပဉ္စ၊ အပြစ်ကင်းလတ် အရပ်ရပ် သင်အပ်တတ်ပညာ။
၉။ ဝိနယောစ သုသိက္ခိတော၊ လူရှင်နှစ်ပါး ဝိနည်းများ သင်ကြားသေချာကျင့်ပါ။
၁၀။ သုဘာသိတာစယာဝါစာ၊မှန်ကန်ကြိုးစား ထိုစကား ဆိုငြား

နှုတ်ချိုသာ။ တော်မင်္ဂလမုတ္တမံ၊ ဤသည်လေးပါး မြတ်တရား မှတ်သားမင်္ဂလာ။

## ၄၆။ မာတာပိတုပုဒ်၌ ၄-ပါး။

၁၁။ မာတာပိတုဥပဋ္ဌာနာ၊ ကျေးဇူးကြီးလှမိနှင့်ဘနိစ္စလုပ်ကျွေးပါ။

၁၂။ ပုတ္တဒါရဿ သင်္ဂဟော၊ ကျင့်ဝတ်မမှား သားမယား တရားချီးမြှင့်ပါ။

၁၃။ အနာကုလာစ ကမ္မန္တာ၊ နှောက်ယှက် လွတ်ကင်း လယ်လုပ်ခြင်း မပျင်းကုန်သွယ်ပါ။ တော်မင်္ဂလမုတ္တမံ၊ ဤသည်သုံးပါး မြတ်တရား မှတ်သားမင်္ဂလာ။

## ၄၇။ ဒါနဥ္စပုဒ်၌ ၄-ပါး။

၁၄။ ဒါနဥ္စ၊ ပေးကမ်းစွန့်ချ လှူဒါန ပြုကြမမေ့ရာ။

၁၅။ ဓမ္မစရိယာစ၊ သုစရိုက်ဆယ်ပါး မြတ်တရား ပွားများကျင့်ကြံပါ။

၁၆။ ဉာတကာနဥ္စ သင်္ဂဟော၊ မိဘက်-ဘဘက် ဆွေမျိုးဆက် မပျက်ထောက်ပံ့ပါ။

၁၇။ အနဝဇ္ဇာနိ ကမ္မာနိ၊ အပြစ်ကင်းပ မှုကိစ္စ ပြုကြစေကုန်ရာ။

## ၄၈။ အာရတိပုဒ်၌ ၄-ပါး။

၁၈။ အာရတိ၊ မကောင်းမှုမှ ရှောင်ကြဉ်ရ စိတ်ကဝေးဝေးခွါ။

၁၉။ ဝိရတိပါပါ၊ ဒုစရိုက်များ အထူးအား ရှောင်ရှားကိုယ်နှုတ်ပါ။

၂၀။ မဇ္ဇပါနာစ သံယမော၊ သေရည်သောက်စား အမှုများ ပါယ်ရှား ရှောင်ကြဉ်ပါ။

၂၁။ အပ္ပမာဒေါစ ဓမ္မေသု၊ ကုသိုလ်ဆယ်ပါးမြတ်တရား ထပ်ပွား မမေ့ရာ။ တော်မင်္ဂလမုတ္တမံ၊ ဤသည်လေးပါး မြတ်တရား မှတ်သားမင်္ဂလာ။

## ၄၉။ ဂါရဝေါစပုဒ်၌ ၅-ပါး။

၂၂။ ဂါရဝေါစ၊ သက်ရှယ်ကြီးရင့်သိက္ခာမြင့် အသင့်ရိုသေပါ။
၂၃။ နိဝါတောစ၊ မာနတရားမထောင်လွှားစိတ်ထားနှိမ်ချပါ။
၂၄။ သန္တုဋ္ဌီစ၊ လောဘပယ်ချ ရသမျှ မျှတရောင့်ရဲပါ။
၂၅။ ကတညုတာ၊ ကောင်းမှုပြုဘူး သူ့ကျေးဇူး အထူး အောင်းမေ့ပါ။
၂၆။ ကာလေနဓမ္မသာဝနံ၊ သင့်တင့်ကာလမြတ်ဓမ္မမပြတ်ရိုသေပါ။ ဧတံမင်္ဂလမုတ္တမံ၊ ဤသည်ငါးပါးမြတ်တရားမှတ်သားမင်္ဂလာ။

## ၅၀။ ခန္တီစပုဒ်၌ ၄-ပါး။

၂၇။ ခန္တီစ၊ မြေကြီးအလား ပုံမခြား စိတ်ထားသီးခံပါ။
၂၈။ သောဝစဿတာ၊ ကောင်းရာညွှန်ကြား ဆုံးမငြား မှတ်သားနာလွယ်ပါ။
၂၉။ သမဏာနဉ္စဒဿနံ၊ ရဟန်းတော်ရှင်သံဃါထင်ဖူးမြင်ကြည်သဒ္ဓါ
၃၀။ ကာလေနဓမ္မသာကစ္ဆာ၊ သင့်လျော်ချိန်ပေး တရားရေး ဆွေးနွေး မေးမြန်းပါ။ ဧတံမင်္ဂလမုတ္တမံ၊ ဤသည်လေးပါး မြတ်တရား မှတ်သားမင်္ဂလာ။

## ၅၁။ တပေါစပုဒ်၌ ၄-ပါး။

၃၁။ တပေါစ၊ သတိ, ဓမ္မ, ဝီရိယ ကျင့်ချိုးခြံစွာ။
၃၂။ ဗြဟ္မစရိယဉ္စ၊မေထုံတရားပယ်ရှောင်ရှားကျင့်ငြားမြတ်လှစွာ။
၃၃။ အရိယာသစ္စာနဒဿနံ၊ သစ္စာလေးဆင့် မဂ်ဉာဏ်ဖြင့် သိမြင်ပိုင်းခြားရာ။
၃၄။ နိဗ္ဗာနသစ္ဆိကရိယာစ၊ကိလေကင်းပ နိဗ္ဗာန ပြုကြမျက်မှောက်သာ။ ဧတံမင်္ဂလမုတ္တမံ၊ ဤသည်လေးပါး မြတ်တရား မှတ်သား မင်္ဂလာ။

## ၅၂။ ဖုဿပုဒ်၌ ၄-ပါး။

၃၅။ ဖုဿ လောကမမ္မတိ စိတ္တ ယဿ နကမ္ပတိ၊ လောကဓံ ရှစ်ပါး တွေ့ကြုံငြား စိတ်ထားမလှုပ်ပါ။
၃၆။ အသောကံ၊ စိုးရိမ်ပူပြင်း ကြောင့်ကြခြင်း အရှင်းမရှိပါ။
၃၇။ ဝိရဇံ၊ ကိလေမြူမှေး ကပ်ငြိဒေးရ ညစ်ကြေးရှင်းရှင်းကွာ။
၃၈။ ခေမံ၊ ကြောက်ထိတ် လန့်တွေး တွင်းပြင်ဘေး ကင်းဝေးလွတ်သည့်သာ။ ဧတံမင်္ဂလမုတ္တမံ၊ ဤသည်လေးပါး မြတ်တရား မှတ်သားမင်္ဂလာ။

## ၅၃။ ဒါန ဒါယ ဒါနသဟာယ ဒါနသာမိ။

(အလှူဝတ္ထုကိုအစွဲပြု၍ ကွဲပြားသောဒါနများမှာ)

၁။ ဒါနဒါသ၊ မိမိသုံးဆောင်သည့်အောက် ယုတ်ညံ့သောပစ္စည်းဥစ္စာ အလှူဝတ္ထု(ဟီနစေတနာ)။

၂။ ဒါနသဟာယ၊ မိမိ သုံးဆောင်သည်နှင့် အလားတူသောပစ္စည်း ဥစ္စာအလှူဝတ္ထု (မဇ္ဈိမစေတနာ)။

၃။ ဒါနသာမိ၊ မိမိသုံးဆောင်သော ပစ္စည်းဥစ္စာတို့ထက် သာလွန်မွန်မြတ်သော အလှူဝတ္ထု(ပဏီတစေတနာ)။

အလှူပေး ဒါယိကာ ဒါယိကာမ၏စေတနာကိုအစွဲပြု၍ ပုဂ္ဂလိကဒါန၊ သံဃိကဒါန ဟူ၍ နှစ်ပါးအပြားရှိ၏။

၁။ ပုဂ္ဂလိကဒါန၊ အလှူခံပုဂ္ဂိုလ်ဂုဏ်တို့ကို ပိုင်းခြားရည်ညွှန်း၍ ပေးလှူသောဒါန။

၂။ သံဃိကဒါန၊ ပုဂ္ဂိုလ်မရွေး သံဃာတော်ကို ရည်ရော်၍ တပေါင်းတည်းပေးလှူသောဒါန။ သံဃိကဒါနသည် စေတနာမကွက်တတ်သောကြောင့် သာ၍ထက်မြက်ကောင်းမြတ်သောဒါန ဖြစ်လေသည်။ ပုဂ္ဂလိကဒါနသည် အလှူခံ တကျိတ်လေးကို စွဲသဖြင့် ပုဂ္ဂလိကဒါန ၁၄-မျိုးရ၏

## ၃၄။ အလှူခံပုဂ္ဂိုလ်တကျိပ်လေး။

၁။ ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကရှစ်ပါး သာသနာတော်မှ အပဖြစ်သော ဈာန်ရရသော့ ပရဗိုဇ် ပုထုဇဉ် သီလဝန္တ ပုထုဇဉ် ဒုဿီလ တိရစ္ဆာန်။

## ၃၅။ ဒါန ၃ မျိုး။

သာဟတ္ထိကဒါန၊ အာဏတ္တိကဒါန၊ နိဿဂ္ဂိယဒါနဟူ၍ ပယောဂအားဖြင့် ၃-ပါးအပြားရှိ၏။

၁။ သာဟတ္ထိကဒါန၊ အလှူခံပုဂ္ဂိုလ်တို့ကို မိမိကိုယ်တိုင် သွား၍လှူဒါန်းခြင်း။

၂။ အာဏတ္တိကဒါန၊ သူတပါးကိုစေလွှတ်၍လှူခြင်း။

၃။ နိဿဂ္ဂိယဒါန၊ သူတပါးကို ခရီးဝေးသွားရာ၌ ပေးလိုက်၍လှူခြင်း။

တနည်းလည်း။ လောဘရှိသောဒါန၊ ဒေါသရှိသောဒါန၊ မောဟရှိသောဒါနဟူ၍ အကုသိုလ်စိတ်ခြံရံသောဒါနလည်းသုံးပါးတည်း။

၁။ လောဘရှိသောဒါန၊ မိမိဥစ္စာနှင့်တန်ရုံ မယူဘဲလျှက်အနည်းငယ်နှင့် အများကိုလိုချင်၍ အနိုင့်အထက် နှိပ်စက်စဉ်းလဲ၍ရသော ဝတ္ထုကိုလှူခြင်း။

၂။ ဒေါသရှိသောဒါန၊ အလှူပေးဆဲ၌ သားမယား ကျေးကျွန်ဆွေမျိုး သူစိမ်းတို့နှင့် ခိုက်ရန်ဖြစ်ပွားငြင်းခုံအမျက်ထွက်၍ လှူခြင်း။

၃။ မောဟရှိသောဒါန၊လက္ခဏာရေးသုံးပါး သင်္ခါရတရားတို့ကို မဆင်ခြင်ဘဲ မိုက်မဲတွေဝေ မေ့လျော့၍ မြူးတူးပျော်ရွှင် သဘင်ပွဲလမ်း နှင့် လှူခြင်း။

အကုသိုလ်စိတ်ခြံရံသောဒါနသုံးမျိုးကိုသိပြီးဖြစ်၍ ကုသိုလ်စိတ်ခြံရံ၍လှူသော ဒါနကိုဖြစ်စေရမည်။

## ၅၆။ ကုသိုလ်စိတ်ခြိုရံသောဒါန။

၁။ အလောဘခြံရံသောဒါန၊

၂။ အဒေါသခြံရံသောဒါန၊

၃။ အမောဟခြံရံသောဒါန **၃**မျိုးကိုသိမှတ်ရန်မခဲယဉ်းလှချေ။

မိမိဥစ္စာနှင့်ပင်ဖြစ်စေ တဦးသော ပစ္စည်းရှင်က ပေးသမျှကိုယူ၍ လှူခြင်း၊ သားမယား ဆွေမျိုးစသောသူတို့ကို ချော့မော့ ဖြောင်းဖြ နူးညံ့ သိမ်မွေ့စွာ ပြောဆို၍ လှူခြင်း၊ ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ဤသုံးပါးကိုရှု၍၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာရေးသုံးပါတွင် တပါး ပါးကိုရှု ဆင်ခြင်း၍ လှူခြင်း။ ဤကား အလောဘ အဒေါသ အမောဟရံသော ကုသိုလ်ဟိတ်နှင့် ယှဉ်သောဒါန သုံးမျိုးတည်း။

## ၅၇။ စတုရာရက္ခ တရား ၄-ပါး။

၁။ ဗုဒ္ဓါနုဿတိ၊　　၃။ မရဏာနုဿတိ၊

၂။ မေတ္တာ၊　　၄။ အသုဘ။

သဒ္ဓါနုက မြတ်ဗုဒ္ဓ မာန သေခြင်းရှု
တဏှာရာဂ အသုဘ ဒေါသ မေတ္တာပြု။

( ဗုဒ္ဓါ နုဿတိ ကမ္မဋ္ဌာန်း )

၁။ ကိလေသာခပ်သိမ်း ကင်းငြိမ်းတော်မူသော မြတ်စွာဘုရား။

၂။ သင်္ခါရ ဝိကာရ လက္ခဏာယဉ် နိဗ္ဗာန်အမြတ် ပရမတ်နှင့် ပညတ်မကျန် ဉေယျဓံကို ကိုသိတော်မူသောမြတ်စွာဘုရား။

၃။ အသိဉာဏ်ဝိဇ္ဇာ အကျင့်မှန်စရဏ မမွန်နှစ်ပုံ မြတ်သောဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၄။ သဿတဉစ္ဆေ နှစ်ထွေဒိဋ္ဌိ မကပ်ငြိဘဲ မဇ္ဈိမလမ်း နိဗ္ဗာန်နန်းသို့ ကြွမြန်းတော်မူသော မြတ်စွာဘုရား။

၅။ ကာမရူပ အရူပ ဟု လောကသုံးဘုံ ဖြစ်ပျက်ပုံကို အကုန်အစဉ် သိမြင်တော်မူသော မြတ်စွာဘုရား။

၆။ မယဉ်ကျေးသူ နတ်နှင့်လူကို စဉ်ဖြူမြိုက်ဆေး စရိုက်အေးဘို့ ဟိုက်ကျေးပြုဘိ တုမရှိအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

၇။ ဗြဟ္မာ နတ်လူ သုံးဘုံ လူတို့၏ ဆရာ ဖြစ်တော် မူသော မြတ်စွာဘုရား။

၈။ သစ္စာလေးတန် တရားမှန်ကို ကောန်သိတော်မူသော မြတ်စွာဘုရား။

၉။ ဣဿရိယ ဓမ္မ ယသ သိရိ ကာမ ပယတ္တမည် ဘုန်းခြောက်လီနှင့် စုံညီ ပြည့်ဝတော်မူသော မြတ်စွာဘုရား။

( မေတ္တာ ကမ္မဋ္ဌာန်း )

၁။ မိဘဆရာ ဉာတကာတို့သည်-

(က) ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊

(ခ) စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊

(ဂ) ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊

(ဃ) ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ။

၂။ ကိုယ်တွင်းကိုယ်ပ အိမ်တွင်းအိမ်ပ ရှိကြများစွာ သတ္တဝါ အပေါင်းတို့သည်-

(က) ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊

(ခ) စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊

(ဂ) ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊

(ဃ) ကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါစေ ချမ်းသာကြပါစေ။

၃။ ဤမြို့ ဤရွာ ဤစကြာဝဠာအတွင်း ခပင်းများစွာ သတ္တဝါ အပေါင်းတို့သည်-

(က) ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
(ခ) စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
(ဂ) ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
(ဃ) ကိုယ်စိတ်နှစ်ဖြာကျမ်းမာကြပါစေ ချမ်းသာကြပါစေ။

၄။ ဇာတိ အာဏာ ဝိသယာခေတ်အတွင်း ခပင်းများစွာ သတ္တဝါ အပေါင်းတို့သည်-

(က) ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
(ခ) စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
(ဂ) ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
(ဃ) ကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါစေ ချမ်းသာကြပါစေ။

၅။ အရှေ့အနောက် တောင်မြောက်ဒိသာ ဖီလာအောက်ထက် ဘဝဂ်အဝီစိ တည်ရှိများစွာ သတ္တဝါအပေါင်းတို့သည်-

(က) ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
(ခ) စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
(ဂ) ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
(ဃ) ကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါစေ ချမ်းသာကြပါစေ။

၆။ မြေ ရေ ကောင်းကင် ကြည်လည်ကျက်စား သတ္တဝါအပေါင်း တို့သည်-

(က) ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
(ခ) စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
(ဂ) ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
(ဃ) ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ ချမ်းသာကြပါစေ။

၇။ ကိုယ်စောင့်နတ် အိမ်စောင့်နတ် အရပ်စောင့်နတ် ရွာစောင့် နတ် မြို့စောင့်နတ် တောစောင့်နတ် တောင်စောင့်နတ် သာသနာ စောင့်နတ် မြေစောင့်နတ် ရေစောင့်နတ် လေစောင့်နတ်

စတုမဟာရာဇ် တာဝတိံသာ ယာမာအစဖြာသော နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့သည်-

(က) ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊

(ခ) စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊

(ဂ) ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊

(ဃ) ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ ချမ်းသာကြပါစေ။

တအိမ်လုံး ကျန်းမာကြပါစေ ချမ်းသာကြပါစေ။

တရွာလုံး ကျန်းမာကြပါစေ ချမ်းသာကြပါစေ။

တမြို့လုံး ကျန်းမာကြပါစေ ချမ်းသာကြပါစေ။

တနိုင်ငံလုံး ကျန်းမာကြပါစေ ချမ်းသာကြပါစေ။

တကမ္ဘာလုံး ကျန်းမာကြပါစေ ချမ်းသာကြပါစေ။

(မရဏာနုဿတိ ကမ္မဋ္ဌာန်းဆောင်ပုဒ်)၊

၁။ သန္ဓေတည်လာ သတ္တဝါ မြဲစွာသေရမည်၊

၂။ တန်ခိုးကြီးစွာ သတ္တဝါ မြဲစွာသေရမည်၊

၃။ ပညာကြီးစွာသတ္တဝါ မြဲစွာသေရမည်၊

၄။ ဆင်းရဲချမ်းသာ သတ္တဝါ မြဲစွာသေရမည်၊

၅။ လူနတ်ဗြဟ္မာ သတ္တဝါ မြဲစွာသေရမည်၊

၆။ တနေ့တနေ့ တရွေ့ရွေ့ သေနေ့နီးချေပြီ၊

၇။ နေ့မြင်ညပျောက် သေခြင်းရောက် ကိုယ့်ခေါက်ကျဦးမည်၊

၈။ ကြီးသူငယ်သူ ငါ့ရှယ်တူ သေသူများလှပြီ၊

၉။ ငါကားမလွဲ သူတို့နဲ့ အမြဲသေရမည်၊

၁၀။ မသေခင်က ကုသလ ပြုမှတော်တော့မည်၊

(အသုဘကမ္မဋ္ဌာန်း)

၁။ ဆံပင်သမုတ် ဤကိုယ်ရုပ် စက်ဆုပ်ရွံ့ရှာဘွယ်၊

၂။ အရေသမုတ် ဤကိုယ်ရုပ် စက်ဆုပ်ရွံ့ရှာဘွယ်၊

၃။ အသားသမုတ် ဤကိုယ်ရုပ် စက်ဆုပ်ရွံရှာဘွယ်၊
၄။ အကြောသမုတ် ဤကိုယ်ရုပ် စက်ဆုပ်ရွံရှာဘွယ်၊
၅။ အရိုးသမုတ် ဤကိုယ်ရုပ် စက်ဆုပ်ရွံရှာဘွယ်၊
၆။ သလိပ်ပြည်သွေး နှပ်တံတွေး ညစ်ကြေးကျင်ကြီးငယ်၊
၇။ ရှင်သေနှစ်မျိုး တူကြရိုး ရုပ်ဆိုးမတင့်တယ်၊
၈။ ပျိုအိုနှစ်မျိုး တူကြရိုး ရုပ်ဆိုးမတင့်တယ်၊
၉။ ယုတ်မြတ်နှစ်မျိုး တူကြရိုး ရုပ်ဆိုးမတင့်တယ်၊
၁၀။ တွင်းပုပ်ပြင်ပုပ် ဤကိုယ်ရုပ် စက်ဆုပ်ရွံရှာဘွယ်၊
၁၁။ မသေလဲပုပ် သေလဲပုပ် စက်ဆုပ်ရွံရှာဘွယ်၊
၁၂။ ကောင်ထည်မဟုတ် နာမ်နှင့်ရုပ် စက်ဆုပ်ရွံရှာဘွယ်။

## ၅၈။ အပါယ်လေးပါးအဓိပ္ပါယ်။

၁။ ငရဲဟူသည်၊ ထိုဘုံ၌ စီးပွားကြောင်း ကောင်းမှု ချမ်းသာ၏ သက်သက်မရှိရာဖြစ်သောကြောင့် ငရဲမည်၏။

၂။ တိရစ္ဆာန်ဟူသည်၊ အထက်ဖြစ်သော လူ့ပြည် နတ်ပြည်သို့မကပ် အောက်ဖြစ်သော အပါယ် အဘို့သို့သာ သွားတတ်သောကြောင့်၎င်း၊ လူနတ်တို့ကဲ့သို့ အထက်သို့မကြီးပွား၊ ဘီလာ ကန့်လန့်အားဖြင့် ကြီးပွား၍သွားလာတတ်သောကြောင့်၎င်း တိရစ္ဆာန် မည်၏။ (ထိုတိရစ္ဆာန်သည် အခြေမရှိသော တိရစ္ဆာန်၊ အခြေနှစ်ချောင်းရှိသောတိရစ္ဆာန်၊ အခြေလေးချောင်းရှိသော တိရစ္ဆာန်၊ အခြေများစွာရှိသောတိရစ္ဆာန်ဟူ၍ ၄-ပါးအပြားရှိ၏၊ တည်ရာအားဖြင့် ရေ၌၎င်း၊ မြေအပြင်၌၎င်းတည်၏။)

၃။ ပြိတ္တာဟူသည်၊ ချမ်းသာမှကင်းသောအားဖြင့် ဖြစ်တတ်သောကြောင့်ပြိတ္တာမည်၏။ (ထိုပြိတ္တာတို့သည် အမျိုးအားဖြင့် ၁၂-ပါး၊ တည်ရာအားဖြင့် ဟိမဝန္တာ၊ ဂိဇ္ဈကုဋ်တောင်ခြေရင်း၊ သင်းချိုင်းစသောဆိပ်ငြိမ်ရာအရပ်တို့၌တည်ရှိ၏။ဝိဇ္ဈာဋဝီတော၌ ပြိတ္တာမြို့ရှိ၏။)

၄။ အသူရကာယ်ဟူသည်၊ အစိုးရခြင်း၊ စီးစိမ်ဥစ္စာ ရှိခြင်း၊ အခြံအရံ များခြင်း စသည်တို့ဖြင့် ထွန်းတောက်ပခြင်းတို့မှ ကင်းသောကြောင့် အသူရာမည်၏။ (ထိုအသူရကာယ်ဟူသည် တာဝတိံသာစသောနတ်များကဲ့သို့ အစိုးရဂုဏ်၊ သိမ်းဆည်းဥစ္စာ၊ ကာမဂုဏ်ချမ်းသာတို့ဖြင့် ပျော်ပါးမြူးတူးခြင်းကင်းသော ဝေမာနိကပြိတ္တာမျိုး၊ ဇာတိဒုက္ခအားဖြင့် ကြီးလှသော လောကန္တရိက ငရဲသားတို့ ပင်တည်း။)

## ၅၉။ ငရဲကြီးရှစ်ထပ်။

၁။ သိဉ္စိုဝ်းငရဲ၊
၂။ ကာလသုတ်ငရဲ၊
၃။ သံဃာတငရဲ၊
၄။ ရောရုဝငရဲ၊
၅။ မဟာရောရုဝငရဲ၊
၆။ တာပနငရဲ၊
၇။ မဟာတာပနငရဲ၊
၈။ အဝီစိငရဲ။

## ၆၀။ ငရဲပေါင်း ၁၃၆–ထပ်။

ထိုငရဲကြီးရှစ်ထပ်တို့တွင် တထပ်တထပ်သော ငရဲကြီး၏ တမျက်နှာတမျက်နှာ၌ (၁) ဘင်ဘုတ်ငရဲ (၂) ပြာပူငရဲ (၃) လက်ပန်တောငရဲ (၄) သန်လျက်ရွက်ငရဲဟူ၍ ဥဿဒငရဲငယ် လေးထပ်ရှိကုန်၏။ ထို့ကြောင့် ငရဲတထပ်တထပ်တွင် လေးမျက်နှာ၌ အရံလေးထပ်ရှိသောကြောင့် ငရဲကြီး (၁၇)ထပ် ဖြစ်၏။ ငရဲပေါင်းသည် (၁၇X၈)၁၃၆–ထပ်ဖြစ်၏။

## ၆၁။ ငရဲကြီးရှစ်ထပ်အဓိပ္ပါယ်ဆောင်ပုဒ်။

၁။ ကြိမ်ကြိမ်ဖန်ဖန် သက်ရှင်ပြန်၍ တန်တန်ညှင်းဆဲ ခံရမြဲ ငရဲ သိဉ္စိုဝ်းခေါ်။

၂။ နက်မည်းကြိုးငယ် အသွယ်သွယ်ဖြင့် ခါးဝယ်တချို့ ရင်တချို့ ကိုမြှောက်လို့ တသွယ် ပက်လှယ်တဖုံ ခုတ်ရွေကုန် ဝဋ်ဘုံကာဠသုတ်။

၃။ ခါးမျှစောက်နက် ဘွင်းနရက်တွင် စုဝှက်ပြည့်လာ သတ္တဝါ ကိုကြိတ်ခါနှောက်မွှေ ငရဲပြေ ခေါ်လေသံဃာတ။

၄။ ပြင်းစွာမီးတောက် တွင်းသို့ရောက်၍ ရှုံကြောက် ပူဆွေး ဟစ်အော်ကြွေး မည်ပေးရောရုဝ။

၅။ ထိုထက်ပြင်းထန် ဟစ်အသံ စစ်မှန်မဟာရော။

၆။ သံတံကျင်ပေါ် ထိုင်စေခေါ်လျှက် အတော်ထံသီး လောင်သည့်မီးနှင့် ငြိုးငြိုးလျှံဝေ ရှိုု့မြှိုက်ပေ ခေါ်လေတာပန။

၇။ တာပနထက် တဆတက်၍ ကျက်ကျက်ပူရာ မဟာတာ။

၈။ ချမ်းသာဟူ၍ မြူတစေ့မျှ သူတွေ့မမြင် ကြားမယှဉ်ဘဲ မြဲစဉ်ဒုက္ခ ကြုံပြန်ရ ဌာနအဝီစိ။

## ၆ ။ ဥဿဒငရဲငယ်ငါးထပ်အဓိပ္ပါယ်။

ဤပြအပ်ခဲ့ပြီးသော ရှစ်ထပ်သောငရဲတို့တွင် ဥဿဒခေါ်သည့် ငရဲငယ်တို့သည် တထပ်တထပ်တွင် ဆူးခပ်သလို ရံပတ်လျှက်ရှိကြ၏။ ၎င်းတို့မှာ-

၁။ ပိုးလောက်တို့ဖြင့် ပြည့်မောက်ပြီး အသက်ရှူရန် အခွင့်မရနိုင်အောင် မစင်ဘင်ပုပ်တွင်းဝယ် ဆင်းရဲပင်ပန်းစွာခံစားနေရသဖြင့် ပုပ်ဟောင်ညှီလောင်သော အနံ့အသက်များရှိသည့် ဘင်ပုပ်ငရဲ။

၂။ ပြဿာဒ်သဘွယ် မြင့်မားကြီးကျယ်လှသည့် မီးကျီးမီးခဲများနှင့်ပူပြင်းလှသည့် ပြာအတွင်းဝယ် ဆင်းရဲပင်ပန်းစွာခံစားနေရသော ပြာပူငရဲ။

၃။ တယူဇနာသာသာ အမြင့်ရှိသော လက်ပန်ပင်ကြီးများတွင် တဆဲ့ခြောက်လက်မခန့်ရှည်၍ အထက်တက်လျှင် အောက်သို့အဖျားလှည့်ပြီး အောက်ဆင်းပြန်လျှင် အထက်သို့အဖျား ကော့သည့်လက်ပန်ဆူးတို့ဖြင့်ပြည့်ကျပ်နေသောအရပ်ဝယ် ဆင်းရဲပင်ပန်းစွာခံစားနေရသည့် လက်ပန်တောငရဲ။

၄။ ဒါး သံလျက်ကဲ့သို့ အလွန် ထက်မြက် စူးရှသည့် သံရွက် (သံလျက်ရွက်) တို့ဖြင့် ပြည့်ကျပ်နေသော အရပ်ဝယ် ဆင်းရဲပင်ပန်း စွာခံစားနေရသော သံလျက်ရွက်တောငရဲ။

၅။ ကြိမ်ပင်ကြိမ်ဆူးများဖြင့် ပြည့်ကျပ်ပြီး စူးရှသော အတွေ့ ရှိသည့် သံပူရေများ တဟောဟော စီးဆင်းနေသည့် မြစ်ချောင်းထဲ ဝယ် ဆင်းရဲပင်ပန်းစွာ ခံစားနေရသော ကြိမ်မြစ်ချောင်းငရဲဟူ၍ ငါးထပ်ရှိ၏။

(ကျက်မှတ်ရန်)။ ။ရှစ်ခွင်တည့်ငရဲရွာ တထပ်မှာငါးဖြာပတ် ဆူးခတ်လို့ကာ ဘင်ပုပ်တဲ့တဖြာ ပြာပူတဲ့တမျိုး တောလက်ပန် သံလျက်ရွက်ဟန်နဲ့ ဝေတ္တရဏီ ကြိမ်မြစ်ချောင်း ဆောင်ဘိလွန်မိုး။

## ၆၃။ ငရဲကြီးရှစ်ထပ်သို့ ကျရောက်စေတတ်သော အပြစ်ပြ ကဗျာများ။

၁။ သိဉ္စီဝ်းငရဲ- (က) ဒေါသထံပြင်း စောင်းမြောင်းခြင်း။ မာန်တင်းရက်စက်တတ်။ (ခ) ကြမ်း ကြုတ် ခိုက် ရန် ငြင်းခုန်ပြန် ရောက်ရန်သိဉ္စီဝ်းမှတ်။

၂။ ကာဠသုတ်ငရဲ- (က) မိဘနှစ်ပါး ရဟန်းများ ပြစ်မှား နှိပ်စက်ဘတ်။ (ခ) ထိုသူမိုက်ယုတ် ကာဠသုတ် နစ်မြုပ်ခံရမှတ်။

၃။ သံဃာတငရဲ- (က) သတ္တဝါအား လေးနှင့်မြှား သတ် ငြားသံဃာတ။ (ခ) ပိုးရွချတုပ် သန်းကိုတုပ် နစ်မြုပ်သံဃာတ။

၄။ ရောရုဝငရဲ- (က) ဒါးခုတ်ကပ်ဖိ သေသောက်မိ ရောက် ၏ရောရုဝ။ (ခ) သူ့မယားတွင် ပြစ်မှားလျှင် ရောက်ချင် ရောရုဝ။

၅။ မဟာရောရုဝငရဲ- (က) ခိုးတိုက်ကောက်ကျစ် ပစ္စည်းညှစ် ရောက်လစ် မဟာရောရုဝ။ (ခ) ပစ္စည်းယူလတ် လူကိုသတ် ရောက် လတ်မဟာရောရုဝ။

၆။ တာပနငရဲ-(က) အကျင့်ပျက်ပြား ဖျက်ဆီးမှား ရောက်ငြားတာပန။ (ခ) ဘိန်းဆိုင်အရက် လောင်းစားဖက် ရောက်ချက်တာပန။

၇။ မဟာတာပနငရဲ- (က)စေတနာနှင့် သဒ္ဒါတရား ဖျက်ဆီးငြား ယူမှားမဟာတာပန။

၈။ မဟာအဝီစိငရဲ- (က)မိဘရဟန္တာ သတ်သုံးဖြာ သံဃာသင်းခွဲမိ။ (ခ) ဘုရားကိုမှီ သွေးစိမ်းတည် ရောက်မည်အဝီစိ။

သက်သတ်ခိုးစား မေထုန်မှားနှင့် မုသားသေသောက် ထိုနောက်တဖန် ပဉ္စာနန္တရိ နိယတမိစ္ဆာ ဒိဋ္ဌိဖြာ၍ ရတနာသုံးပါး မိဘများကို ဆဲဆိုပြစ်မှား ထိုသူများ ရောက်ငြားရှစ်ထပ်ငရဲကပ်။

## ၆၄။ ကိစ္စ၏အစွမ်းအားဖြင့်ဖြစ်သောကံ ၄-ပါး။

၁။ ဇနကကံ၊ ဝိပါက်ကဋတ္တာရုပ်ကို ဖြစ်စေတတ်သောကံ။

၂။ ဥပထမ္ဘကကံ၊ ထောက်ပံ့ခိုင်စေတတ်သောကံ။

၃။ ဥပပီဠကကံ၊ ကပ်၍နှိပ်စက်တတ်သောကံ။

၄။ ဥပဃာတကကံ၊ ကပ်၍သတ်တတ်သောကံ။

(အကျိုးပေးတရားအစဉ်အားဖြင့်ဖြစ်သောကံလေးပါး)

၁။ ဂရုကံ၊ လေးသောကံ (အကုသိုလ်မှာ ပဉ္စာနန္တရိယကံကိုယူ၊ ကုသိုလ်မှာ မဟဂ္ဂုတ်ကံကိုယူ။)

၂။ အာသန္နကံ၊ သေခါနီးကာလ၌ အောင်းမေ့၍ပြုသောကံ။

၃။ အာစိဏ္ဏကံ၊ မပြတ်လေ့ကျက်အပ်သောကံ။

၄။ ကဋတ္တာကံ၊ အကျိုးပေးကာမျှဖြစ်သောကံ။

(အကျိုးပေးရာကာလ၏ အစွမ်းအားဖြင့် ဖြစ်သော ကံလေးပါး)

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ခံစားအပ်သောကံ။

၂။ ဥပပဇ္ဇဝေဒနီယကံ၊ နှစ်ခုမြောက်သောဘဝ၌ ခံစားအပ်အကျိုးပေးအပ်သောကံ။

၃။ အပရာပရိယဝေဒနီယကံ၊ သုံးခုမြောက်သော ဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင်အကျိုးပေးခြင်း လက္ခဏာရှိသောကံ။

၄။ အဟောသိကံ၊ အကျိုး ပေးပြီးသည်လည်း မဟုတ် ပေးလတ္တံ့သည်လည်းမဟုတ် ဖြစ်ပြီးသည်သာ ကံမည်သောကံ။

## ၆၅။ အကျိုးမရှိသောဥစ္စာများ။

၁။ သုံးဆောင်ပေးလှူ မပြုမူ ထိုသူဥစ္စာကျိုးမရှိ၊
၂။ ရန်သူရန်ဘက် မနှိပ်စက် သူ့တွက်ခွန်အားကျိုးမရှိ၊
၃။ ကျမ်းလာဘရား မကျင့်ငြား သူ့အားကျမ်းတတ်ကျိုးမရှိ၊
၄။ ဣန္ဒြေစောင့်စည်း အပြုနည်း သူလည်း ရှင်လျှက်ကျိုးမရှိ။

## ၆၆။ လက်ဦးဆရာ။

၁။ သည်လိုထိုင်ငြား သည်လိုသွား စားတော့သည်လိုပြု၊
၂။ ပြုအပ်မပြုအပ် သည်နှစ်ရပ် ပြုအပ်သည်လိုရှု၊
၃။ ယည်အချိန်မှာ ရှိခိုးပါ အိပ်ရာသည်ချိန်ပြု၊
၄။ သူ့ကိုပေါင်းပါ သူ့ကိုခွါ လျှော်ကန်သင့်သင်မှု၊
၅။ သူကားဦးရီး သူအရီး ခေါ်နည်းဤသို့ပြု၊
၆။ ငယ်စဉ်ခါက ဒို့မိဘ စ၍သင်ပေးမှု၊
၇။ လက်ဦးဆရာ မည်ထိုက်စွာ နှစ်ဖြာမိဘစု၊
၈။ ပုဗ္ဗာစရိယ မိန့်ဘ ဦးချရိုသေပြု။

## ၆၇။ ရာဂမီးကြီး။

၁။ ရာဂနှင့်တူသောမီးမည်သည် မရှိ။
၂။ ဒေါသနှင့်တူသော ပျက်မှားခြင်းမည်သည် မရှိ။
၃။ ခန္ဓာဝန်ကိုဆောင်ရွက်သော ဆင်းရဲမည်သည် မရှိ။

၄။ ဝဋ်ဒုက္ခမှကင်းရာ နိဗ္ဗာန်နှင့်တူသော စည်းစိမ်ချမ်းသာ မည်သည်မရှိ။

## ၆၈။ လူမိုက်ဆိုသည်မှာ။

၁။ မိဘကအလိုလိုက်ထားသူ။

၂။ ဆုံးမဩဝါဒပေးသော ဆရာသမားမရှိသောသူ။

၃။ ဆုံးမဩဝါဒပေးသူရှိပါလျက် မလိုက်နာသောသူ။

၄။ အရက်သေစာသောက်စား၍ ဘယ်ဟာမဆို မိုက်ရူးရဲလုပ်တတ်သူများကို လူမိုက်ဟုခေါ်ဆိုရပါသည်။

## ၆၉။ လူမိုက်မှတ်ကြောင်း ၃-ပါး။

၁။ မကောင်းတာကိုကြံစည်ခြင်း။

၂။ မကောင်းသောစကားကိုပြောကြားခြင်း။

၃။ မကောင်းသောအမှုကိုပြုလုပ်ခြင်း။

## ၇၀။ ပညာရှိမှတ်ကြောင်း ၃-ပါး။

၁။ ကောင်းသောအကြံကိုကြံခြင်း။

၂။ ကောင်းသောစကားကိုပြောဆိုခြင်း။

၃။ ကောင်းသောအမှုကိုပြုလုပ်ခြင်း။

## ၇၁။ သမ္မာဉာဏ်တရားလေးပါး။

၁။ သတ္တကသမ္မာဉာဏ်၊ ပစ္စုပ္ပန်သံသရာ၌ အကျိုးရှိသည် မရှိသည်ကိုသိတတ်သောဉာဏ်။

၂။ သပ္ပါယသမ္မာဉာဏ်၊ ပစ္စုပ္ပန်သံသရာ၌ လျောက်ပတ်သည် မလျောက်ပတ်သည်ကို သိတတ်သောဉာဏ်။

၃။ ဂေါစရသမ္မာဉာဏ်၊ ဣရိယာပုထ်လေးပါး၌ သမထဝိပဿနာကမ္မဋ္ဌာန်းကို မပြတ်မလတ် အာရုံပြုရမည်ကို သိတတ်သောဉာဏ်။

၄။ အသမ္မောဟ သမ္ပဇည၊ ဣရိယာပုဒ် လေးပါး၌ ရုပ်နာမ် စသည်ကိုသိတတ်သောဉာဏ်။

## ၇၂။ စကားအရာအင်္ဂါ ၄-ပါး။

၁။ သုဘာသိတဝါစာ၊ ကောင်းစွာဆိုခြင်း။
၂။ ပိယဝါစာ၊ ချစ်ဘွယ်သောစကားကိုဆိုခြင်း။
၃။ သစ္စာဝါစာ၊ မှန်ကန်စွာဆိုခြင်း။
၄။ ဓမ္မဝါစာ၊ တရားနှင့်စပ်သောစကားကိုဆိုခြင်း။

## ၇၃။ ရုပ်ဓာရအဆင်း ကြည်ညိုဘွယ်ရှိခြင်း အကြောင်း ၄-ပါး။

၁။ ရှေးဘဝများက အစာအဟာရကိုလှူခဲ့ခြင်း။
၂။ ရှေးဘဝများက အဝတ်အရုံကိုလှူခဲ့ခြင်း။
၃။ ရှေးဘဝများက တံမြက်လှည်းကျင်း သုတ်သင်ခဲ့ခြင်း။
၄။ အမျက်မထွက်ခဲ့ခြင်း။

## ၇၄။ နတ်တို့စုတေခါနီး၌ ထင်လာသော ပုဗ္ဗနိမိတ် ၅-ပါး။

၁။ နတ်ပန်းတို့ညှိုးနွမ်းခြင်း။
၂။ နတ်ဝတ်တန်ဆာတို့ ညစ်နွမ်းခြင်း။
၃။ လက်ကတီးကြား(ချိုင်းကြား)တို့မှ ချွေးယိုခြင်း။
၄။ ရုပ်ရည်အဆင်းဖေါက်ပြန်ခြင်း။
၅။ မိမိနေရာဘုံဗိမ္မာန်၌ မမွေ့လျော်မပျော်ပိုက်ခြင်း။

## ၇၅။ သတ္တဝါတို့၏လားရာ ဂတိ ၅-ပါး။

၁။ တိရစ္ဆာနဂတိ၊ တိရစ္ဆာန်ဖြစ်ရခြင်း။
၂။ ပေတဂတိ၊ ပြိတ္တာဖြစ်ရခြင်း။
၃။ နိရယဂတိ၊ ငရဲ၌ဖြစ်ရခြင်း။

၄။ မနုဿဂတိ၊ လူဖြစ်ရခြင်း။
၅။ ဒေဝဂတိ၊ နတ်ပြဟ္မာဖြစ်ရခြင်း။

## ၇၆။ သူတော်ကောင်းတရား မှေးမှိန် ကွယ်ပျောက်ကြောင်းတရား ၅-ပါး။

၁။ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပသကာယောကျ်ား ဥပသကာမိန်းမတို့သည် မြတ်စွာဘုရား၌ မရိုသေမတုပ်ဝပ်ကုန်။
၂။ တရားတော်၌ မရိုသေမတုပ်ဝပ်ကုန်။
၃။ သံဃာတော်၌ မရိုသေမတုပ်ဝပ်ကုန်။
၄။ အကျင့်သိက္ခာ၌ မရိုသေမတုပ်ဝပ်ကုန်။
၅။ သမာဓိ၌ မရိုသေမတုပ်ဝပ်ကုန်သည်ဖြစ်၍ နေကုန်၏။

## ၇၇။ စကားများခြင်းအပြစ် ၅-ပါး။

၁။ မဟုတ်မမှန်သည်ကိုပြောဆိုမိတတ်၏။
၂။ ဂုံးစကားကိုပြောဆိုမိတတ်၏။
၃။ ကြမ်းတမ်းသောစကားကိုပြောဆိုမိတတ်၏။
၄။ ပြိန်ဖျင်းသောစကားကိုပြောဆိုမိတတ်၏။
၅။ သေသောအခါ၌ ငရဲကျတတ်၏။

## ၇၈။ သံဃာတော်တို့ကို ဖူးမြင်ကြည်ညိုရခြင်းအကျိုး ၅-ပါး။

၁။ သံဃာတော်တို့ကို ဖူးမြင်ရခြင်းသည် နတ်ပြည်ရောက်ကြောင်း သဂ္ဂသံဝတ္တနိကာ ပဋိပဒါမည်၏။
၂။ သံဃာတော်တို့ကို ရိုသေ လေးမြတ်ခြင်းသည် အမျိုးမြတ်ကြောင်း ဥစ္စကုလ သံဝတ္တနိကပဋိပဒါမည်၏။
၃။ လှူဒါန်း လိုခြင်းသည် တန်ခိုး ကြီးကြောင်း မဟေသက္ခ သံဝတ္တနိက ပဋိပဒါမည်၏။

၄။ လှူဒါန်းခြင်းသည် စည်းစိမ်ဥစ္စာ ပေါများကြောင်းမဟာ ဘောဂ သံဝတ္တနိက ပဋိပဒါမည်၏။
၅။ တရားစကားကို နာခံမှတ်သားရခြင်းသည် မဂ်ဖိုလ်ရောက် ကြောင်း မဂ္ဂဖလသံဝတ္တနိကပဋိပဒါမည်၏။

## ၇၉။ တရားနာရခြင်းအကျိုး ၅-ပါး။

၁။ မကြားဘူးသော ထုံးနည်းပုံစံ တရားစကားကောင်းကို ကြားနာရခြင်း။
၂။ ကြားဘူးလေပြီးသော တရားစကားကောင်းကို အဖန် တလဲလဲမှတ်မိအောင် ကြားနာရခြင်း။
၃။ ယုံမှားသံသယကို ဖျောက်နိုင်ခြင်း။
၄။ အယူဝါဒကို ဖြောင့်မတ်စွာယူနိုင်ခြင်း။
၅။ သဒ္ဓါယုံကြည်သော စိတ်တိုးပွားခြင်း။

## ၈၀။ ပျက်စီးကြောင်းတရား ၆-ပါး။

၁။ သေရည်မျိုး သေရက်မျိုး ယစ်မျိုးသောက်စားခြင်း။
၂။ ညဉ့်အခါ လမ်းလျှောက်လေ့ရှိခြင်း။
၃။ ပွဲလမ်းသဘင်ပျော်ရွှင်လိုက်စားအသွားများခြင်း။
၄။ ကုသိုလ်အလိမ္မာ ဥစ္စာစီးပွားရေးတို့၌ မေ့လျော့ပေါ့ဆ ကြောင်းဖြစ်သော အလောင်းအစား ကစားလေ့ရှိခြင်း။
၅။ အလုပ်အကိုင်ပျင်းရိခြင်းနှင့် အမြဲယှဉ်ခြင်း။
၆။ မိတ်ဆွေမကောင်းနှင့်ပေါင်းခြင်း။

## ၈၁။ သေရည်သေရက် သောက်စားမှုအပြစ် ၆-ပါး

၁။ ယခုမျက်မှောက်ဘဝမှာ ဥစ္စာပြုန်းတီးခြင်း။
၂။ ခိုက်ရန်ဒေါသ ပွားများခြင်း။
၃။ ရောဂါဆိုးအနာဆိုး ပေါ်ပေါက်တိုးပွားရန် အကြောင်း ဖြစ်ခြင်း။

၄။ အကျော်စောမဲ့ကိုဖြစ်စေခြင်း။
၅။ အရှက်ကွဲရာ ကိုယ်အင်္ဂါကို မဖုံးလွှမ်းနိုင်ခြင်း။
၆။ အသိအလိမ္မာ, ဉာဏ်, ပညာယုတ်လျော့ခြင်း။

(ဆောင်ပုဒ်)

၁။ ဥစ္စာပျက်ပြား ခိုက်ရန်ပွား များတိုရောဂါစု၊
၂။ သတင်းယုတ်မာ အရှက်ကွာ ပညာဆုတ်ယုတ်မှု။
၃။ ယစ်မျိုးကြူးငြား ထိုသူအား ခြောက်ပါးအပြစ်ရှု။

## ၈၂။ နာယကဂုဏ် ၆-ပါး။

၁။ ခမာဂုဏ်၊ သီးခံခြင်း။
၂။ ဇာဂရိယဂုဏ်၊ နိုးကြားခြင်း။
၃။ ဥဋ္ဌာနဂုဏ်၊ ထကြွနိုးကြားလုံ့လရှိခြင်း။
၄။ သံဝိဘာဂဂုဏ်၊ ခွဲခြမ်းဝေဘန်တတ်ခြင်း။
၅။ ဒယာဂုဏ်၊ သနားတတ်ခြင်း။
၆။ ဣက္ခနာဂုဏ်၊ အရာရာ၌ဆင်ခြင်နိုင်ခြင်း။

## ၈၃။ အနာရောဂါဖြစ်ခြင်းအကြောင်း ၈-ပါး။

၁။ သည်းခြေပျက်ခြင်းကြောင့်ဖြစ်သော အနာရောဂါ။
၂။ သလိပ်ပျက်ခြင်းကြောင့်ဖြစ်သော အနာရောဂါ။
၃။ လေဓါတ်ပျက်ခြင်းကြောင့်ဖြစ်သော အနာရောဂါ။
၄။ သည်းခြေသလိပ်တို့စုဝေးခြင်းကြောင့်ဖြစ်သောအနာရောဂါ။
၅။ ဥတုဖောက်ပြန်ပြောင်းလဲခြင်းကြောင့်ဖြစ်သောအနာရောဂါ။
၆။ မိမိကိုယ်ကို မညီမညွတ် ရွက်ဆောင်ခြင်းကြောင့် ဖြစ်သော အနာရောဂါ။
၇။ မိမိလုံ့လသူတပါးလုံ့လနှင့် နာအောင်သေအောင်ဖြစ်သော အနာရောဂါ။

၈။ ဥပပီဠကကံ၊ ဥပစ္ဆေဒကကံတို့အတင်းနှိပ်စက်ခြင်းကြောင့် ဖြစ်သော အနာရောဂါဟူ၍ ရှစ်မျိုးရှိ၏။

### ၈၄။ လောကဓံတရား ၈-ပါး။

၁။ လာဘော၊ ဥစ္စာပေါများ၍ တက်ကြွတုံလှုပ်ခြင်း။
၂။ အလာဘော၊ ဥစ္စာနည်းပါး၍ ညှိုးငယ်တုံလှုပ်ခြင်း။
၃။ ယသော၊ အခြံအရံများ၍ တက်ကြွတုံလှုပ်ခြင်း။
၄။ အယသော၊ အခြံအရံနည်းပါး၍ ညှိုးငယ်တုံလှုပ်ခြင်း။
၅။ နိန္ဒာ၊ ကဲ့ရဲ့ခံရ၍ ညှိုးငယ်တုံလှုပ်ခြင်း။
၆။ ပသံသာ၊ ချီးမွမ်းခံရ၍ တက်ကြွတုံလှုပ်ခြင်း။
၇။ သုခံ၊ ချမ်းသာကိုစံ၍ တက်ကြွတုံလှုပ်ခြင်း။
၈။ ဒုက္ခံ၊ ဆင်းရဲကိုစံ၍ ညှိုးငယ်တုံလှုပ်ခြင်း။

### ၈၅။ မဂ္ဂင်တရားအဓိပ္ပါယ်။

မဂ္ဂင်ရှစ်ပါးတရားဟူသည်ကား၊ ကိလေသာတို့ကို ဖျက်ဆီးတတ်၍ ဝဋ်ဆင်းရဲတို့၏ချုပ်ရာ ကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော တရားကိုခေါ်သည်။

### ၈၆။ မဂ္ဂင် ၈-ပါး။

၁။ သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း။
၂။ သမ္မာသင်္ကပ္ပေါ၊ ကောင်းသောအကြံကိုကြံခြင်း။
၃။ သမ္မာဝါစာ၊ ကောင်းသောစကားကိုဆိုခြင်း။
၄။ သမ္မာကမ္မန္တော၊ ကောင်းသောအမှုကိုပြုခြင်း။
၅။ သမ္မာအာဇီဝေါ၊ ကောင်းစွာအသက်မွေးခြင်း။
၆။ သမ္မာဝါယာမော၊ ကောင်းသောလုံ့လရှိခြင်း။
၇။ သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း။
၈။ သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း။

## ၈၇။ ကိလေသာ ၁၀-ပါး။

၁။ လောဘ၊ တတ်မက်ခြင်း။
၂။ ဒေါသ၊ အမျက်ထွက်ခြင်း။
၃။ မောဟ၊ တွေဝေမိုက်မဲခြင်း။
၄။ မာန၊ ထောင်လွှားခြင်း။
၅။ ဒိဋ္ဌိ၊ အယူမှားခြင်း။
၆။ ဝိစိကိစ္ဆာ၊ ယုံမှားခြင်း။
၇။ ထိန၊ စိတ်၏မခံ့ခြင်း။
၈။ ဥဒ္ဒစ္စ၊ စိတ်ပျံ့လွင့်ခြင်း။
၉။ အဟိရိက၊ မကောင်းမှုမှ မရှက်ခြင်း။
၁၀။ အနောတ္တပ္ပ၊ မကောင်းမှုမှ မထိတ်လန့်ခြင်း။

## ၈၈။ မီး ၁၁ ပါး။

၁။ လောဘမီး၊ တတ်နှစ်သက်သဖြင့်ပူလောင်ခြင်း။
၂။ ဒေါသမီး၊ စိတ်ဆိုးရသဖြင့် ပူလောင်ခြင်း။
၃။ မောဟမီး၊ အဟုတ်အမှန်ကိုမသိရသဖြင့်ပူလောင်ခြင်း။
၄။ ဇာတိမီး၊ ဘဝသစ်၌ဖြစ်ရသဖြင့် ပူလောင်ခြင်း။
၅။ ဇရာမီး၊ အိုမင်းရသဖြင့် ပူလောင်ခြင်း။
၆။ မရဏမီး၊ သေပျက်ရသဖြင့် ပူလောင်ခြင်း။
၇။ သောကမီး၊ စိုးရိမ်ကြောင့်ကြရသဖြင့် ပူလောင်ခြင်း။
၈။ ပရိဒေဝမီး၊ ငိုကြွေးရသဖြင့် ပူလောင်ခြင်း။
၉။ ဒုက္ခမီး၊ ကိုယ်ကိုမှီ၍ မသာယာသဖြင့်ပူလောင်ခြင်း။
၁၀။ ဒေါမနဿမီး၊ စိတ်ကိုမှီ၍မသာယာသဖြင့်ပူလောင်ခြင်း။
၁၁။ ဥပါယာသမီး၊ပြင်းစွာ စိတ်ပင်ပန်းဆင်းရဲသဖြင့်ပူလောင်ခြင်း။

## ၈၉။ မေတ္တာအကျိုး ၁၁-မျိုး။

၁။ ကောင်းစွာအိပ်ရခြင်း။

၂။ ကောင်းစွာနိုးရခြင်း။
၃။ ကောင်းသောအိပ်မက်ကိုမြင်မက်ရခြင်း။
၄။ လူအများချစ်မြတ်နိုးခြင်း။
၅။ နတ်တို့ချစ်မြတ်နိုးခြင်း။
၆။ နတ်တို့ကောင်းစွာစောင့်ရှောက်ခြင်း။
၇။ မီး လက်နက် အဆိပ်စသည်တို့နှင့် မနှိပ်စက်နိုင်ခြင်း။
၈။ စိတ်တည်ကြည်ခြင်း။
၉။ မျက်နှာအဆင်းတင့်တယ်ခြင်း။
၁၀။ မတွေမဝေသေရခြင်း။
၁၁။ ဗြဟ္မာ့ပြည်သို့လားရခြင်း။

လင်္ကာ။ ။မေတ္တာပို့သ ရကြကျိုးအစ် ချမ်းသာအိပ်ရ နိုးထကောင်းမြင် အများလူတို့ ချစ်လို့ခင်မင် နတ်အပေါင်းချစ်ကြောင်းဖြစ်သည်ပင်။

နတ်ကောင်း စောင့်ရှောက် ရန်ပျောက် တည်ကြည် မျက်နှာအဆင်း လှခြင်းရုပ်ရည် မတွေဝေလို့ သေဘို့ဖြစ်သည် ဈာန်ရှိကရောက်ရဗြဟ္မာ့ပြည်။

## ၉၀။ ၅၂၈ သွယ်မေတ္တာပွါးပုံ။

အနောဓိသ၊ မပိုင်းခြားအပ် မရည်မှတ်အပ်သော ပုဂ္ဂိုလ် ၅-ယောက်နှင့်။ ဩဓိသ၊ ပိုင်းခြားအပ် ရည်မှတ်အပ်သောပုဂ္ဂိုလ် ၇-ယောက်တို့ကိုပေါင်းသော် ၁၂-ယောက်ရ၏။ တယောက်တယောက်ရအပ်သော မေတ္တာ ၄-ပါးစီနှင့် ပွားသော် မေတ္တာ ၄၈-ဖြစ်၏။ အရပ်တမျက်နှာ တမျက်နှာအတွက် ၄၈-ဖြစ်သော် အရပ် ၁၀-မျက်နှာအတွက် ၄၈၀-ဖြစ်၍ရှင်း၊ ၄၈၀-တွင် အရပ် ၁၀-မျက်နှာကိုမရည်ညွှန်းဘဲ ပို့သအပ်သော ၄၈-မေတ္တာတို့နှင့်ပေါင်းသော် ၅၂၈-သွယ်သောမေတ္တာတို့သည် ဖြစ်ကုန်၏။

အနေ္တဝိဃာတပုဂ္ဂိုလ် ၅-ယောက် ဩဓိဃာတပုဂ္ဂိုလ် ၇-ယောက်၊ ပေါင်း ၁၂-ယောက်နှင့် ဗြဟ္မဝိဟာရတရား ၄-ပါးကို ပွားပုံများကား—

၁။ သဗ္ဗေသတ္တာအဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု။ (မေတ္တာတရား)

၂။ သဗ္ဗေသတ္တာ ဒုက္ခာမုစ္စန္တု။ (ကရုဏာတရား)

၃။ သဗ္ဗေသတ္တာယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု (မုဒိတာတရား)

၄။ သဗ္ဗေသတ္တာ ကမ္မဿကာ။ (ဥပေက္ခာတရား)

သဗ္ဗေသတ္တာအတွက် ၄-ပါးရ၏။ ကျန်သောသဗ္ဗေပါဏာ သဗ္ဗေဘူတာ အစရှိသောပုဂ္ဂိုလ် ၁၁-ယောက်တို့လည်း အထက်ကအတိုင်း ယှဉ်ရသည်။ သဗ္ဗေသတ္တာပုဂ္ဂိုလ်တယောက်အတွက် ၄-ပါးဖြစ်၏။

## ၉၁။ သိကြားမင်းရှိခိုးခံရသူများ။

တရားသဖြင့် အသက်မွေးကုန်သော ဥပါသကာ ပုဂ္ဂိုလ်တို့အား သိကြားမင်းရှိခိုးကြောင်းကို ဤသို့ ဟောပြပါသည်။

မာတလိနတ်သား။　။ငါးပါးသီလရှိကြသူ ရတနာသုံးပါးသို့ ဆည်းကပ်ကြသူ ကောင်းမှုကိုပြုကြသူ လူတို့သည် တရားနှင့်အညီ သားမယားတို့ကို လုပ်ကျွေးကြကုန်၏။ ထို တရားနှင့်အညီ သား မယားတို့ကို လုပ်ကျွေးကြကုန်သော လူတို့ကို ငါသိကြားမင်းသည် ရှိခိုးပါ၏ဟု အောက်သို့ ညွတ်သောဦးခေါင်းဖြင့် သိကြားမင်းရှိခိုး သည်ကို မာတလိနတ်သားမြင်၍ မေးလျှောက်သောကာလ သိကြား မင်းသည် မာတလိနတ်သားအား ဖြေဆိုခဲ့လေသည်။ မာတလိနတ် သားနှင့်တကွသော နတ်အပေါင်းတို့သည်လည်း သိကြားမင်းနည်း တူပင် အောက်သို့ညွတ်သောဦးခေါင်းဖြင့် လူတို့ကိုရှိခိုးလေကုန်၏။

## ၉၂။ ကိုယ့်သီလကိုယ်ယုံကြည်တော့ မတုံလှုပ်။

ဤလောက၌ အလုံးစုံသော အရာ ဌာန ဝတ္ထုပစ္စည်း တို့၌ပင် အစစ်နှင့်အတုဟူ၍ နှစ်မျိုးရှိလေသည်။

(ဥပမာ)။　။ပိုးစစ်နှင့်ပိုးတု၊ လူမိုက်စစ်နှင့်လူမိုက်တု၊ ပညာရှိစစ်နှင့်ပညာစစ်တု၊ ရဟန်းစစ်နှင့် ရဟန်းတုဟူ၍ အမျိုးမျိုး ရှိခဲ့လေသည်။ သို့ရာတွင်စမ်းသပ်စစ်ဆေးမှုများနှင့် ရင်ဆိုင် တွေ့ကြုံရသောအခါ အစစ်နှင့်အတုတို့သည် ဆီနှင့်ရေကဲ့သို့ငင်း၊ ရွှေနှင့်မိုးကြိုးကဲ့သို့ ငင်း၊ အလွန်ကွာခြားမှုရှိသည်ကို တွေ့မြင်ကြရပေသည်။

## ၉၃။ အစစ်နှင့်အတုကွာခြားချက်။

တရံရောအခါ ဗာရာဏသီတိုင်းပြည်မှာ ဘုရင်တပါးသည် တခုသောဥပုသ်နေ့တွင် ရှစ်ပါးသီလ ဆောက်တည်ပြီးလျှင် တောထဲသို့ သွား၍ ညောင်ပင်ကြီးတပင်အောက်ရှိ ကျောက်ဖျာပေါ်တွင်ထိုင်၍ ဘုရားဂုဏ်တော်ကို ပွားများနေလေသည်။ ရက်ပေါင်း ၄၅-ရက်ကြာသောအခါ ညောင်ပင်စောင့်နတ်က ဘုရင်၏ သီလသမာဓိကို ခိုင်လုံမည်မခိုင်လုံမည်ကို စုံစမ်းလိုသောကြောင့် ဆင်ရိုင်းတကောင်ဖန်ဆင်းကာ ၎င်းဆင်ကြီးသည် နှာမောင်းကိုဝှေ့ရမ်းကာ အမြီးကိုထောင်ပြီး ရှင်ဘုရင်ရှိရာသို့အတင်းပြေးလာသောအသွင်ကိုပြလေသည်။ ထိုအခါ ရှင်ဘုရင်သည် သီလသမာဓိပျက်မည်ကို စိုးသောကြောင့် ဆင်နင်း၍ သေသော်လည်း သေပါစေဟုဆိုကာ ငြိမ်သက်စွာ ထိုင်မြဲတိုင်းထိုင်၍ ပုတီးစိပ်နေလေ၏။ ထိုခဏ၌ ဆင်ရိုင်းသည် ရှင်ဘုရင်ကို ရှောင်၍ သွားလေ၏။ ထိုအခါ ညောင်ပင်စောင့်နတ်သည် ကိုယ်ထင်ပြလျက် ရှင်ဘုရင်အားရှိခိုး၍ ဣစ္ဆာသယရွှေအိုးကြီးရတနာကိုဆက်သလေ၏။ ဤကား အစစ်အကြောင်းပြဝတ္ထုတည်း။

(အတုအကြောင်းပြဝတ္ထု)

ထိုအကြောင်းကို လုဒ္ဒကမုဆိုးတဦးသိလေလျှင် ပုတီးစိပ်ခြင်း၏ အကျိုးကိုသိရ၍ ရွှေအိုးကိုလိုချင်သောကြောင့် လေးမြှားလက်နက်ကိုချ၍ ရှင်ဘုရင်ထိုင်လေ့ရှိသော ကျောက်ဖျာပေါ်တွင် ထိုင်ပြီး ပုတီးစိပ်နေသောအချိန်တွင် တောဆင်ရိုင်းအုပ်ကြီးသည် နွေကာလ

နေပူပြင်းလှသောကြောင့် အရိပ်အာဝါသခိုရန် ညောင်ပင်အောက်သို့ ဝင်လာကြလေ၏။ မုဆိုးလည်း အရေးမလှသဖြင့် ပြေးမှတော်တော့မည်ဟုဆိုကာ ထိုင်ရာမှ ထ၍ပြေးလေ၏။ ထိုအခါ ဆင်များသည် မုဆိုးကို လိုက်၍နင်းသတ်ကြလေရာ မုဆိုးသည်ထိုခဏ၌မှုံညက်ကွဲသို့ကြေမွကာ အသက်သေဆုံးခြင်းသို့ ရောက်သွားလေသတည်း။

## ၉၄။ ကောက်ဦးဆွမ်း။

ကောဏ္ဍညအလောင်း ပုဏ္ဏားသည် တနှစ်တွင် ကောက်ဦးဆွမ်း ၉-ကြိမ်ကိုလှူလိုသောဇောဖြင့် ညီဖြစ်သော သုဘဒ္ဒပရိဗိုဇ်အလောင်းပုဏ္ဏားအားတိုင်ပင်ရာ သဘောမတူခဲ့ပေ။ ထို့ကြောင့် လယ်ကိုခွဲဝေပြီးလျှင်——

၁။ စပါးမျိုးကြဲဦး၊
၂။ နို့ရည်တည်ဦး၊
၃။ မှုံဆန်ဦး၊
၄။ ကောက်ရိပ်ဦး၊
၅။ ကောက်ဆုတ်ဦး၊
၆။ ကောက်လှိုင်းဦး၊
၇။ တလင်းဦး၊
၈။ စပါးပုံဦး၊
၉။ ကျီသွင်းဦး။

ဤသို့ ၉-ကြိမ်တိုင်တိုင် ရှင်ကောဏ္ဍည အလောင်းဖြစ်သောနောင်တော်ပုဏ္ဏားလှူဒါန်းသောကြောင့် ကမ္ဘာပေါင်းသုံးသောင်းတို့ပတ်လုံး နတ်တကာတို့ထက် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်းတို့ စသောအကြောင်းတို့ဖြင့် လွန်ကဲ ပြည့်စုံ၍နေရလေ၏။ ထို့နောက် လူ့ပြည် ပြန်ရောက်သောအခါ စကြာမင်းအဖြစ်လည်း အကြိမ်များစွာ ဖြစ်ရလေ၏။ ဂေါတမဘုရား လက်ထက်သို့ရောက်သောအခါ သူတကာတို့ထက် ရှေးဦးစွာ ရဟန္တာဖြစ်ရလေသည်။ ညီဖြစ်သော သုဘဒ္ဒပရိဗိုဇ်အလောင်းပုဏ္ဏားမှာကား ကျီသွင်းသောအခါ တကြိမ်သာလှူသောကြောင့် ဘုရားပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးမှ ရဟန္တာဖြစ်ရလေသည်။ နောင်တော်၏လယ်မှာ

လှူတိုင်းလှူတိုင်း စပါးပြန်၍ပြည့်သည်။ ဆုတ်ယုတ်သည်မရှိပေ ထို့ကြောင့် ဤနဝသဿဖလဒါနသည် ဖြစ်လေရာဘဝတိုင်း ကြီးခိုင်ဖွံ့ဖြိုး အမျိုးမျိုးသော အာနိသင်တို့ကို ရရှိလေသောကြောင့် ကိုးကြိမ်ကောက်ဦး အလှူထူးကို ဆည်းပူး အားထုတ်နိုင်ကြပါစေ ကုန်သတည်း။

## ၉၅။ မိဘကျေးဇူးတရားတော်

ကျေးဇူးဆပ်တယ်ဆိုဘာ ဘယ်လိုဟာလဲဆိုရင် သူများပေးစရာငွေရှိနေတာကို ကျွေးတင်တယ်လို့ခေါ်တယ်။ ပေးစရာငွေကိုပြန်ပေးတာကို ကျွေးဆပ်တယ်လို့ခေါ်တယ်။ အဲဒီလိုဘဲ ဘုရား,တရား,သံဃာ,ဆရာ,မိဘတို့က မိမိကိုလိမ္မာအောင်ဆုံးမပေးတာ၊ မိဘတို့က ကျွေးမွေးသုတ်သင် ဝတ်ဆင်ပေးတာဟာ ကျေးဇူးလို့ ခေါ်တယ်။ အဲဒီကျေးဇူးကျေအောင် မိမိကပြန်ပြီး ပေးစရာရှိလျှင် ပေးတာ၊ ဆုံးမတဲ့အတိုင်း နားထောင်ပြီး ကောင်းကောင်း နေတာတွေဟာ ကျေးဇူးကိုပြန်ဆပ်ဘာဘဲ။

ဗုဒ္ဓ။ ။ ချစ်သားတို့ မိဘတို့၏ ကျေးဇူးကို အလွယ်နည်းနှင့် ဆပ်နိုင်မည်ဟုငါဘုရား ဟောတော်မမူ။ ချစ်သားတို့ အသက်တရာရှည်သော သားသမီးတယောက်သည် လကျ်ာပခုံးပေါ် အမိကိုထား၍ လက်ဝဲပခုံးပေါ်မှာ အဘကိုထားပြီးလျှင်၊ ပခုံးပေါ်မှာပင် ပန်းနံ့သာတို့ဖြင့် လိမ်းကျံပွတ်တိုက်ပေးလို့၊ အပန်းပြေအောင် ဆုပ်နယ်ပေးလို့၊ ရေနွေးရေအေးတို့ဖြင့် ရေချိုးပေးလို့၊ အညောင်းပြေအောင် ဆွဲငင်ဆန့်တန်းပေးလို့ လုပ်ကျွေးပြုစုနေတယ်ဘဲ ဆိုကြစို့။ ကျင်ကြီးကျင်ငယ်တောင် ပခုံးပေါ်ကနေ၍စွန့်တယ်ဆိုကြစို့။ တနည်း ပြောပြန်လျှင် ဤ ကမ္ဘာမြေပြင်တခုလုံးမှာ ရှင်ဘုရင်နှင့်မိဖုရားကြီးဖြစ်ရအောင် သားက ကြိုးစားပေးတယ် ဆိုကြစို့။ ဒီလိုများတတ်နိုင်လျှင် အများအထင်အားဖြင့် မိဘကျေးဇူးကျေ

လောက်ပါပြီဟု ထင်စရာ ရှိပါပေသည်။ သို့သော် ချစ်သားတို့ ဤနည်းဖြင့် မိဘကျေးဇူးကိုကျေလည်အောင် ဆပ်ရာမရောက်သေးချေ။ အဘယ့်ကြောင့် ကျေလည်အောင် ဆပ်ရာမရောက်သေးသနည်းဟု မေးလျှင်—ချစ်သားတို့ မိဘတို့သည် သားသမီးတို့ကို ကြီးပွားအောင် ကျွေးမွေး သုတ်သင်ကြပေသည်။ ဤလောကကို ပြကြပေသည်။ မိဘတို့က မကျွေးမွေးလိုဘဲ မွေးကာစကပင်ပစ်လိုက်မည်ဆိုလျှင် ဤလောကကိုမြင်ရတော့မည်မဟုတ်။

ဤ လူတယောက်အဖြစ်ဖြင့် ကြီးပွား၍ ဤလောကကို တွေ့မြင်နေရသည်မှာ မိဘတို့၏ ကျေးဇူးသာဖြစ်သောကြောင့် မိဘတို့ကျေးဇူးကိုကျေလည်အောင်ဆပ်နိုင်မည်ဟု ငါဘုရား ဟောတော်မမူ။

ကျေးဇူးကို ကျေလည်အောင်ဆပ်နိုင်နည်းကား ရှိပါသေး၏။ ထိုနည်းမှာ သဒ္ဓါတရားမရှိသော မိဘများကို သဒ္ဓါတရား ရှိလာအောင် နဂိုရ်က ဘုရားတရားနှင့်အရိယာသံဃာကို မယုံလျှင်ယုံလာအောင် နောက်ဘဝရှိကြောင်း အကုသိုလ်ပြုလျှင် ဆင်းရဲဒုက္ခ ရောက်ရမည့်အကြောင်းများကို မယုံလျှင်ယုံလာအောင် သီလမရှိလျှင် သီလရှိသူ ဖြစ်လာအောင် နှမြော စေးကပ်သူဖြစ်လျှင် နေရာတကာ မနှမြောအောင် ပညာမရှိလျှင် ပညာရှိလာအောင် ဟောပြော ပေးနိုင်ပါမူ မိဘကျေးဇူးကို ကျေလည်အောင် ဆပ်ရာရောက်ပေသည်။

၁။ စောထွဋ္ဌဘုန်းလျှံ တရားမှန် သံဃာနမာမိ။

၂။ ပရမတ်သင်္ဂြိုဟ် တတ်မြောက်လို လူဗိုလ်တောင်းပန်ဘိ။

၃။ သင်္ဂြိုဟ်ဉာဏ်လောက် အမြန်ရောက် သံပေါက်ဆိုပိမ့်သိ။

မေး။ ပရမတ္ထတရား မည်မျှရှိသည်ဟု သရုပ်နှင့်တကွ သံပေါက်ကို ထောက်၍ပြပါ။

ဖြေ။ စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်,ဟူ၍ ပရမတ္ထတရား ၄-ပါးရှိပါသည်။ ဆောင်–၄။ စိတ်စေတသိက် ရုပ်နိဗ်လေးရပ် ပရမတ်။

မေး။ ပရမတ်နှင့်ပညတ်ကိုဘယ်လိုခွဲခြမ်းဝေဘန်၍သိရပါမည်နည်း။
ဖြေ။ ၁-ပိုင်းခြား၍ သိခြင်း၊ ပရိညာကိစ္စ။ ၂-ပယ်ခြင်း၊ ပဟာနကိစ္စ။ ၃-မျက်မှောက် ဆိုက်ရောက်ခြင်း၊ သစ္ဆိကရဏကိစ္စ။ ၄-ပွားများခြင်း၊ ဘာဝနာကိစ္စ။ ဤကိစ္စကြီးလေးပါးတို့တွင် တပါးပါးရရှိသော တရားမျိုးကို (မုချဆတ်ဆတ် ပရမတ်)ဟု ခေါ်ပါသည်။ ထို ကိစ္စကြီးလေးပါးတို့တွင် တပါးပါးကိုမှ မရသောတရားမျိုးကို (ပညတ်)ဟုခေါ်သည်။
မေး။ ဘယ်သံပေါက်ကိုထောက်၍ သိရပါမည်နည်း။
ဖြေ။ ဆောင်-၅။ သိပယ်ဆိုက်ပွါးလေးပါးကိစ္စအပိုင်ရမုချပရမတ်။ ဤသံပေါက်ကိုထောက်၍သိရပါသည်။
မေး။ ပရမတ္ထတရားလေးပါးတို့တွင် စိတ်ပရမတ်သည် အကျဉ်းအားဖြင့် မည်မျှရှိကြောင်းကို သရုပ်နှင့်တကွသံပေါက်ဆိုပြပါ။
ဖြေ။ စိတ်ပရမတ်သည် ကာမစိတ်၊ရူပစိတ်၊အရူပစိတ်၊လောကုတ္တရာစိတ်ဟူ၍ အကျဉ်းအားဖြင့် လေးပါးရှိပါသည်။
ဆောင်-၆။ ကာမရူပ အရူပ လောကဥတ္တရာ
မေး။တဏှာ၃ပါးတို့ဖြင့်ပိုင်းခြားရေတွက်လျှင်ဘုံဘယ်မျှရှိပါသနည်း။
ဖြေ။ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ၊ လောကုတ္တရာ ဘုံဟူ၍ လေးပါးရှိပါသည်။ ကာမတဏှာ၏ ကြဉ်လည်ရာဖြစ်သော ဘုံကို ကာမဘုံခေါ်ပါသည်။ ရူပတဏှာ၏ ကြဉ်လည်ရာ ဖြစ်သော ဘုံကို ရူပဘုံဟုခေါ်ပါသည်။ အရူပတဏှာ၏ ကြဉ်လည်ရာ ဖြစ်သောဘုံကို အရူပဘုံခေါ်ပါသည်။ တဏှာသုံးပါးမှ လွတ်သောဘုံကို လောကုတ္တရာဘုံခေါ်ပါသည်။
မေး။ ဘယ်သံပေါက်ကဗျာကိုထောက်၍ သိရပါသနည်း။
ဖြေ။ ဆောင်-၇။ တဏှာတြိ ပိုင်းခြားဘိ ဘူမိစတုဖြာ ဟူသော သံပေါက်ကိုထောက်၍သိရပါသည်။

## မှာထားချက်။

ဤမှနောက် ဘယ်သံပေါက်ကို ထောက်၍ သိရပါသနည်းဆိုသောအမေးကို မထည့်တော့ပြီ။ အဖြေ၏အဆုံး၌ သံပေါက်ကိုသာ ရေးခဲ့ပေအံ့၊ သံပေါက် တွေ့ရာတိုင်းမှာပင် ဘယ် သံပေါက်ကို ထောက်၍ သိရပါသနည်းဟူ၍ မေးလိုလျှင် မေးရ၏ဟု မှတ်ရာ၏။

မေး။ ယုတ်နိမ့်၍ မတင့်တယ်သော အသောဘနစိတ် မည်မျှရှိသည်ဟု သရုပ်နှင့်တကွပြပါ။

ဖြေ။ အကုသိုလ်စိတ် ၁၂၊ အဟိတ်စိတ် ၁၈၊ အားဖြင့်ယုတ်နိမ့်၍ မတင့်တယ်သော အသောဘနစိတ်ပေါင်း (၃၀)ရှိပါသည်။

ဆောင်-၈။ အကုဆဲ့နှစ် ဆဲ့ရှစ်အဟိတ် သုံးဆယ်စိတ် ယုတ်နိမ့် အသောဘနတည်း။

မေး။ အကုသိုလ်စိတ် ၁၂ - ပါးတို့တွင် လောဘမူ စိတ်မည်မျှ ရှိကြောင်းကို သရုပ်နှင့်တကွ ပြပါ။

ဖြေ။ ၁-သောမနဿ သဟဂုတ် ဒိဋ္ဌိသမ္ပယုတ် အသင်္ခါရိက စိတ်တခု။ ၂-သောမနဿသဟဂုတ် ဒိဋ္ဌိသမ္ပယုတ် သင်္ခါရိကစိတ်တခု။ ၃-သောမနဿ သဟဂုတ် ဒိဋ္ဌိဝိပ္ပယုတ် အသင်္ခါရိက စိတ်တခု။ ၄-သောမနဿ သဟဂုတ် ဒိဋ္ဌိဝိပ္ပယုတ် သသင်္ခါရိက စိတ်တခု။ ၅-ဥပေက္ခာသဟဂုတ် ဒိဋ္ဌိသမ္ပယုတ် အသင်္ခါရိကစိတ်တခု။ ၆-ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိသမ္ပယုတ် သသင်္ခါရိကစိတ်တခု။ ၇ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဝိပ္ပယုတ် အသင်္ခါရိကစိတ်တခု။ ၈-ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဝိပ္ပယုတ်သသင်္ခါရိကစိတ်တခု။ ဤသို့အားဖြင့် လောဘမူစိတ် ရှစ်ပါးရှိပါသည်။

ဆောင်-၉။ သော,ဥနှစ်တန် ဒိဋ္ဌိသံဝိလေး ပွါးရေး အ,သ,စိတ်ရှစ်ဝ အဌလောဘမူ။

မေး။ ဒေါသမူစိတ်မည်မျှ ရှိကြောင်းကို သရုပ်နှင့်တကွ ဖေါ်ပြပါ။

ဖြေ။　၁-ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက
　စိတ်တခု။ ၂-ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါ
　ရိကစိတ်တခု၊ ဤသို့အားဖြင့် ဒေါသမူစိတ်နှစ်ပါးရှိပါသည်။

ဆောင်-၁၀။ ဒေါမနဿ ပဋိဃသံ အသရံ နှစ်တန်ဒေါသမူ။

မေး။　မောဟမူစိတ်မည်မျှရှိကြောင်းကို သရုပ်နှင့်တကွဖော်ပြပါ။

ဖြေ။　၁-ဥပေက္ခာ သဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ် တခု။
　၂-ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်တခု။ ဤသို့အားဖြင့်
　မောဟမူ စိတ်နှစ်ပါးရှိပါသည်။

ဆောင်-၁၁။ ဥပေက္ခာမှီ ဝိစိဥဒ္ဓစ် သံပ္ပါလစ် နှစ်ခုမောဟမူ။

မေး။ အပေါင်းအားဖြင့်ရေတွက်လျှင်အကုသိုလ်မည်မျှရှိပါသနည်း။

ဖြေ။　အပေါင်းအားဖြင့် ရေတွက်လျှင် လောဘမူ စိတ်ရှစ်ပါး။
　ဒေါသမူ စိတ်နှစ်ပါး။ မောဟမူ စိတ်နှစ်ပါးဟူ၍ အကုသိုလ်
　စိတ် ၁၂-ပါးရှိပါသည်။

ဆောင်-၁၂။ လောရှစ် ဒေါနှစ် မောလည်းနှစ် ဆဲ့နှစ်အကုဟူ။

မေး။　ဝေဒနာအားဖြင့် အကုသိုလ် ၁၂-ပါးတို့တွင် သောမနဿ
　မည်မျှ၊ ဥပေက္ခာမည်မျှ၊ ဒေါမနဿမည်မျှ ရှိသည်ဟု သရုပ်
　နှင့်တကွ ပြပါ။

ဖြေ။　အကုသိုလ်စိတ် ၁၂-ခုတွင် သောမနဿ ၄-ပါး၊
　ဥပေက္ခာ ၆-ပါး၊ ဒေါမနဿ ၂-ပါးရှိပါသည်။ ပေါင်းလျှင်
　အကုသိုလ် ၁၂-ပါးဖြစ်ပါသည်။

ဆောင်-၁၃။ သောလေး ဥဆ ဒေါနှစ်မျှ ဒွါဒ အကုဟူ။

အကုသိုလ်စိတ် အမေးအဖြေပြီး၏။

....း၀း....

## အဟိတ်စိတ် ၁၈-ပါး အမေးအဖြေ။

မေး။　အဟိတ်စိတ် ၁၈-ပါးတို့တွင် အကုသလဝိပါက် မည်မျှ

ရှိကြောင်းကို  သရုပ်နှင့်တကွဖော်ပြပါ။

ဖြေ။ ၁-ဥပေက္ခာ သဟဂုတ် စက္ခုဝိညာဏ်စိတ်တခု။ ၂-ဥပေက္ခာ သဟဂုတ် သောတဝိညာဏ်စိတ်တခု။ ၃-ဥပေက္ခာသဟဂုတ် ဃာန ဝိညာဏ်စိတ်တခု။ ၄-ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ် စိတ်တခု။ ၅-ဥပေက္ခာသဟဂုတ် ကာယဝိညာဏ်စိတ်တခု။ ၆-ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ်တခု။ ၇-ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တခု။ဤသို့ အားဖြင့် အကုသလဝိပါက်စိတ် ၇-ပါးရှိပါသည်။

ဆောင်-၁၄။ စက်,သော,ဃာ,ဇိ,ကာ,ကိုမှီ ငါးလီဝိညာဏ်မှတ်။

ဆောင်-၁၅။ သံ,သန်နှစ်ခု လောင်းပြန်မှု အကုဝိပါသတ်။

မေး။ အဟိတ်ကုသလဝိပါက် စိတ်ပေါင်းမည်မျှရှိကြောင်းကိုသရုပ် နှင့်တကွ ဖော်ပြပါ။

ဖြေ။ ၁-ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်တခု။ ၂-ဥပေက္ခာ သဟဂုတ် သောတဝိညာဏ်စိတ်တခု။ ၃-ဥပေက္ခာသဟဂုတ် ဃာန ဝိညာဏ်စိတ်တခု။ ၄-ဥပေက္ခာ သဟဂုတ် ဇိဝှါဝိညာဏ်စိတ် တခု။ ၅-သုခသဟဂုတ် ကာယဝိညာဏ်စိတ် တခု။ ၆-ဥပေက္ခာ သဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် တခု။ ၇-ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ် တခု။ ၈-သောမနဿသဟဂုတ်သန္တီရဏစိတ်တခု။ဤသို့အားဖြင့် အဟိတ် ကုသလဝိပါက်စိတ် ရှစ်ပါးရှိပါသည်။

ဆောင်-၁၆။ စက်,သော,ဃာ,ဇိ,ကာကိုမှီ ငါးလီဝိဉာဏ်မှတ်။

ဆောင်-၁၇။ သံသန်,သန်ဟု လောင်းပြန်မှု အကုသလဝိပါက်အဌ်။

မေး။ အဟိတ်ကြိယာ စိတ်ပေါင်း မည်မျှရှိကြောင်းကို သရုပ်နှင့် တကွဖော်ပြပါ။

ဖြေ။ ၁-ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်တခု။ ၂-ဥပေက္ခာ သဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်တခု။ ၃-သောမနဿသဟဂုတ်

ဟသိတုပ္ပါဒ်စိတ်တခု။ ဤသို့အားဖြင့် အဟိတ် ကြိယာစိတ်ပေါင်း သုံးပါးရှိပါသည်။

ဆောင်-၁၈။ အာဝဇ္ဇန်းဒွိ,ဟသိတုပ္ပါဒ်,ဤသုံးရပ် မှတ်လေကြိယာ။

မေး။ အဟိတ်စိတ် ၁၈-ပါးတို့တွင် ဝေဒနာအားဖြင့် ဒုက္ခမည်မျှ၊ သုခမည်မျှ၊ သောမနဿမည်မျှ၊ ဥပေက္ခာမည်မျှရှိကြောင်းကို ရေတွက်ပြပါ။

ဖြေ။ အကုသလဝိပါက် ကာယဝိညာဏ်စိတ်မှာ ဒုက္ခဝေဒနာတပါး ရှိပါသည်။ကုသလဝိပါက် ကာယဝိညာဏ်မှာ သုခဝေဒနာတပါး ရှိပါသည်။ ကုသလဝိပါက် သန္တီရဏစိတ်၊ ဟသိတုပ္ပါဒ်စိတ် ၂-ပါး တို့မှာ သောမနဿဝေဒနာ ၂-ပါး ရှိပါသည်။ ကြွင်းသောအဟိတ်စိတ် ၁၄-ပါးတို့မှာ ဥပေက္ခာဝေဒနာ ၁၄-ပါးရှိပါသည်။ ဒုက္ခ-၁၊ သုခ-၁၊ သောမနဿ-၂၊ ဥပေက္ခာ-၁၄၊ ပေါင်းလျှင် အဟိတ်စိတ် ၁၈-ပါး ဖြစ်ပါသည်။

ဆောင်-၁၉။ ကာယနှစ်လီ ဒု-သု-မှီ ကုတီဟသိသော။

ဆောင်-၂၀။ အကြွင်းစုဒ္ဒသ် ဥနှင့်ကပ် ဋ္ဌာရသ်စိတ်မနော။

.... အဟိတ်စိတ် ၁၈-ပါး အမေးအဖြေပြီး၏ ....

အသောဘနစိတ် ၃၀-ပြီး၏

....း၀း....

## ကာမစိတ် ၅၄-ပါးအမေးအဖြေ။

မေး။ အသောဘနမဟုတ်သော စိတ်သည် သောဘနစိတ် မည်၏။ မြင့်မြတ် တင့်တယ်သောစိတ်ဟူ၍လည်း ဆိုရ၏၊ ထိုသောဘန စိတ်သည်အကျဉ်းအဘယ်မျှရှိ၍အကျယ်အဘယ်မျှရှိပါသနည်း။

ဖြေ။ ထိုသောဘနစိတ်သည်အကျဉ်း၅၉၊အကျယ်၉၁ပါးရှိပါသည်။

ဆောင်-၂၁။ကျဉ်းဗျည်း န၀စ် ကျယ်နေ၁ဂေါ် လှစ်ပိမ့်သောဘနာ။

မေး။ ကာမာဝစရ သောဘနစိတ်ပေါင်း မည်မျှရှိပါသနည်း။

ဖြေ။ မဟာကုသိုလ်စိတ် ရှစ်ပါး၊ မဟာဝိပါက်စိတ် ရှစ်ပါး၊ မဟာကြိယာစိတ်ရှစ်ပါး။ ဤသို့အားဖြင့် ကာမာဝစရ သောဘနစိတ်ပေါင်း ၂၄-ပါးရှိပါသည်။

မေး။ မဟာကုသိုလ်စိတ်၊ မဟာဝိပါက်စိတ်၊မဟာကြိယာစိတ်တို့ကို သရုပ်နှင့်တကွပြပါ။

ဖြေ။ ၁-သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်အသင်္ခါရိကစိတ်တခု။ ၂ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်တခု။ ၃ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက စိတ်တခု။ ၄-သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက စိတ်တခု။ ၅-ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တခု။ ၆-ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုက် သသင်္ခါရိက စိတ်တခု။ ၇-ဥပေက္ခာသဟဂုတ်ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်တခု။ ၈-ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက စိတ်တခု။ ဤကား မဟာကုသိုလ်စိတ် ရှစ်ပါးဖြစ်ပါသည်။ ထို့အတူ မဟာဝိပါက်ရှစ်ပါး၊ မဟာကြိယာ ရှစ်ပါးဖြစ်ပါသည်။ ပေါင်းလျှင် ၈-ခုသုံးလီ ကာမာဝစရ သောဘနစိတ်ပေါင်း ၂၄-ပါးဖြစ်ပါသည်။

ဆောင်-၂၂။ သော ခုနှစ်တန် ဉာဏ်သံဝိလေး ပွားရေး အ,သ
အဋ္ဌသုံးလီ ကုဝိကြိ စဝီကာမ သောဘန။

မေး။ ကာမစိတ် ၅၄-ကို ဇာတိဘေဒပါးဖြင့် ဝေဘန်၍ပြပါ။

ဖြေ။ အကုသိုလ်စိတ် ၁၂-ပါး၊ မဟာကုသိုလ်စိတ် ရှစ်ပါး၊ အကုသလဝိပါက်ခုနစ်ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ရှစ်ပါး၊မဟာဝိပါက်ရှစ်ပါး၊ ဝိပါက်စိတ်ပေါင်း ၃၂-ပါး။အဟိတ်ကြိယာသုံးပါး၊ မဟာကြိယာရှစ်ပါး၊ ကြိယာစိတ်ပေါင်း ၁၁-ပါး။ ဤသို့လျှင်ဇာတိဘေဒအားဖြင့်ကာမစိတ် ၅၄-ပါးဖြစ်ပါသည်။

ဆောင်-၂၃။အကုဒွါဒီ ကုရှစ်လီ တေးဝိဝိပါက်ရေး။

ဆောင်–၂၄။ ဆဲ့တစ်ကြိယ ပေါင်းတုံက ကာမငါးဆဲ့လေး။
မေး။ ကာမစိတ် ၅၄-ပါးကို ဝေဒနာဘေဒအားဖြင့် ဝေဘန်၍ပြပါ။
ဖြေ။ အကုသိုလ် ဥပေက္ခာ ၆-ပါး၊ အဟိတ်ဥပေက္ခာ ၁၄-ပါး၊
ကာမာဝစရဥပေက္ခာ ၁၂-ပါး၊ ဥပေက္ခာပေါင်း ၃၂-ပါး။
အကုသိုလ်သောမနဿ ၄-ပါး၊ အဟိတ်သောမနဿ ၂-ပါး။ ကာမာဝစရသောမနဿ ၁၂-ပါး၊ သောမနဿပေါင်း ၁၈-ပါး။ ဒေါမနဿ ၂-ပါး၊ ဒုက္ခ ၁-ပါး၊ သုခ ၁-ပါး၊ ဤသို့လျှင် ဝေဒနာဘေဒအားဖြင့် ကာမစိတ် ၅၄-ပါးဖြစ်ပါသည်။
ဆောင်–၂၅။ ဥသုံးဆဲ့နှစ် သောဆဲ့ရှစ် ဒေါနှစ် ဒုသုခ။
…. ကာမစိတ် ၅၄-ပါး အမေးအဖြေပြီး၏ ….

….:o:….

## ရူပါဝစရစိတ် ၁၅-ပါး အမေးအဖြေ။

မေး။ ဈာန်အင်္ဂါပေါင်းမည်မျှရှိသည်ဟူ၍ သရုပ်နှင့်တကွဖော်ပြပါ။
ဖြေ။ ၁–ဝိတက်၊ ၂–ဝိစာရ၊ ၃-ပီတိ၊ ၄-ဝေဒနာ၊ ၅-ဧကဂ္ဂတာ၊
ဤသို့အားဖြင့် ဈာန်အင်္ဂါ ၅–ပါးရှိပါသည်။
ဆောင်–၂၆။ ဝိစာပိဝေ နှစ်ပါးထွေ လျှောင် ၅–ခုမှတ်။
မေး။ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်တို့မှာ အသီးသီး ဈာန်အင်္ဂါ ဘယ်မျှစီ တွဲကြပါသနည်း။
ဖြေ။ ပထမဈာန်မှာ ဈာန်အင်္ဂါ ၅–ပါး တွဲပါသည်။ ဒုတိယဈာန်မှာ ဈာန်အင်္ဂါ ၄-ပါးတွဲပါသည်။ တတိယဈာန်မှာ ဈာန်အင်္ဂါ ၃–ပါး တွဲပါသည်၊ စတုတ္ထဈာန်မှာ ဈာန်အင်္ဂါ ၂–ပါး တွဲပါသည်။ ပဉ္စမဈာန်မှာ ဈာန်အင်္ဂါ ၂-ပါးတွဲပါသည်။
ဆောင်-၂၇။ ငါးလေး သုံးနှစ် တဘန်နှစ် တွဲလစ် ဈာန်ငါးရပ်။
ဆောင်–၂၈။ ပ,ဒု,တ,စ,ပဉ္စမ ပွားထဈာန်ငါးရပ်။
မေး။ ရူပါဝစရစိတ်ပေါင်းကား မည်မျှရှိပါသနည်း။

ဖြေ။ ကုသိုလ်စိတ် ၅-ပါး၊ ဝိပါက်စိတ် ၅-ပါး၊ကြိယာစိတ် ၅-ပါး၊ ဤသို့အားဖြင့် ရူပါဝစရစိတ် ၁၅-ပါးရှိပါသည်။

မေး။ ထိုရူပါဝစရ ၁၅-ပါးကို ဈာန် ၅-ပါးနှင့် ယှဉ်ပုံနှင့်တကွ အကျယ်ဝေဘန်ပြပါ။

ဖြေ။ ၁-ဝိတက်၊ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဈာန်အင်္ဂါငါးပါး နှင့်တကွဖြစ်သော ပထမဈာန်ကုသိုလ်စိတ်တပါး။ ၂-ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဈာန်အင်္ဂါလေးပါးနှင့်တကွ ဖြစ်သော ဒုတိယ ဈာန်ကုသိုလ်စိတ်တပါး။ ၃-ပီတိ၊သုခ၊ဧကဂ္ဂတာ ဈာန်အင်္ဂါသုံးပါး နှင့်တကွဖြစ်သော တတိယဈာန် ကုသိုလ်စိတ်တပါး။ ၄-သုခ၊ ဧကဂ္ဂ တာ ဈာန်အင်္ဂါနှစ်ပါးနှင့်တကွ ဖြစ်သော စတုတ္ထဈာန် ကုသိုလ်စိတ် တပါး။ ၅-ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးနှင့် တကွဖြစ် သော ပဉ္စမဈာန် ကုသိုလ်စိတ် တပါး။ ဤသို့အားဖြင့် ရူပါဝစရ ကုသိုလ်စိတ် ၅-ပါးဖြစ်ပါသည်။ ထို့အတူ ရူပါဝစရ ဝိပါက်စိတ် ၅-ပါး၊ ရူပါဝစရကြိယာစိတ် ၅-ပါးရှိပါသည်။ ပေါင်းလျှင် ငါးခု သုံးလီ ရူပါဝစရစိတ် ၁၅-ပါးရှိပါသည်။

ဆောင်-၂၉။ငါးဈာန်ယှဉ်မှု ငါးခုသုံးလီ ကုဝိကြိ ပွားပြီစိတ်ဆဲ့ငါး။

## မှတ်ချက်။

ဤရူပါဝစရစိတ် ၁၅-ပါးတို့တွင် ပထမ ဈာန်စိတ် ၃-ပါး၊ ဒုတိယဈာန်စိတ် ၃-ပါး၊ တတိယဈာန်စိတ် ၃-ပါး၊ စတုတ္ထဈာန် စိတ် ၃-ပါး၊ ပဉ္စမဈာန်စိတ် ၃-ပါး ရှိပါ၏။ ဈာန်စိတ်ဟူသမျှတို့၌ ပဉ္စမဈာန်ကို ဥပေက္ခာဟူ၍အမြဲမှတ်ရာ၏။ ကြွင်းသော ပထမဈာန် စိတ် (ပ) စတုတ္ထဈာန်စိတ်တို့ကို သောမနဿဟူ၍အမြဲမှတ်ရာ၏။

မေး။ ရူပါဝစရစိတ် ၁၅-ပါး တို့တွင် သောမနဿ မည်မျှရှိ၍ ဥပေက္ခာမည်မျှရှိလေသနည်း။

ဖြေ။ ရူပါဝစရစိတ် တို့တွင် သောမနဿပေါင်း ၁၂-ပါးရှိ၍ ဥပေက္ခာသုံးပါးရှိပါသည်။

ဆောင်-၃၀။ သောဆဲ့နှစ်ဝ ဥသုံးမျှ ရူပစိတ်ဆဲ့ငါး။

.... ရူပါဝစရစိတ် အမေးအဖြေပြီး၏ ....

....:၀:....

**အရူပါဝစရစိတ် ၁၂-ပါးအမေးအဖြေ။**

မေး။ အရူပါဝစရစိတ်ပေါင်း မည်မျှရှိသည်ကို ပြ၍ ၎င်း၊ အရူပါဝစရစိတ်တို့၌ အင်္ဂါမည်မျှရှိကြောင်းကို ဖော်ပြပါ။

ဖြေ။ အရူပါဝစရစိတ်သည် ကုသိုလ် ၄-ပါး၊ ဝိပါက် ၄-ပါး၊ ကြိယာ ၄-ပါး။ ဤသို့အားဖြင့် ၁၂-ပါးရှိပါသည်။ ထိုအရူပါဝစရစိတ်တို့မှာ ဥပေက္ခာ ဧကဂ္ဂတာအားဖြင့် ဈာန်အင်္ဂါ ၂-ပါးသာရှိပါသည်။

မေး။ အရူပါဝစရကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်တို့ကို အစဉ်အတိုင်း သရုပ်နှင့်တကွဖော်ပြပါ။

ဖြေ။ ၁-အာကာသာနဉ္စာယတန ဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်တခု။ ၂-ဝိညာနဉ္စာယတနဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်တခု။ ၃-အာကိဉ္စညာယတနဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တခု။ ၄-နေဝသညာ နာသညာယတနဈာန်နှင့်ယှဉ်သော ကုသိုစိတ်တခု။ ဤသို့အားဖြင့် အရူပါဝစရကုသိုလ်စိတ် ၄-ပါးဖြစ်ပါသည်။ ထို့အတူ အရူပါဝစရဝိပါက်စိတ် ၄-ပါး၊အရူပါဝစရကြိယာစိတ် ၄-ပါးဖြစ်ပါသည်။ လေးခုသုံးလီ ပေါင်းလျှင် အရူပါဝရစိတ် ၁၂-ပါး ဖြစ်ပါသည်။

ဆောင်-၃၁။ အာဝိဉ်အာနေ ဈာန်လေးထွေ ဥအင်္ဂါနှစ်။

ဆောင်-၃၂။ ၄-ဈာန်ယှဉ်မှု ၄-ခုသုံးလီ ကုဝိကြိ ပွားပြီးစိတ်ဆဲ့နှစ်။

**မေး။** အရူပါဝစရစိတ် ၁၂-ပါးကို ဘယ်ဈာန်နှင့် ယှဉ်၍ ဘယ်ဝေဒနာနှင့်တကွဖြစ်သည်ဟု ဆိုရပါသနည်း။

ဖြေ။ အရူပါဝစရစိတ် ၁၂-ပါးကို ပဥ္စမစျာန်နှင့်ယှဉ်၍ ဥပေက္ခာ ဝေဒနာနှင့်တကွဖြစ်သောကြောင့် ပဥ္စမစျာန်စိတ် ပေက္ခာသဟ ဂုတ်စိတ်ဟူ၍ ဆိုရပါသည်။

ဆောင်-၃၃။ စိတ်အရူပ ဒွါဒသ ပဥ္စမ ဥပေက္ခာဖြစ်။

.... အရူပါဝစရစိတ် ပြီး၏ ....

....း၀း....

## မဟဂ္ဂုတ်စိတ် ၂၇-ပါးအမေးအဖြေ။

မေး။ ဘယ်စိတ်များကို မဟဂ္ဂုတ်စိတ်ဟုခေါ်ပါသနည်း။ သရုပ်နှင့် တကွဖော်ပြပါ။

ဖြေ။ ရူပါဝစရစိတ် ၁၅၊ အရူပါဝစရစိတ် ၁၂၊ပေါင်း ၂၇-ပါး သောစိတ်များကို မဟဂ္ဂုတ်စိတ်ဟူ၍ ခေါ်ဆိုရပါသည်။

ဆောင်-၃၄။ မဟဂ္ဂုတ်ဟူ ရူအရူ ပေါင်းမူ သတ်ဂီသ။

မေး။ မဟဂ္ဂုတ်စိတ်တို့တွင် ကုသိုလ်ဝိပါက်ကြိယာ မည်မျှစီ ရှိ၍ သောမနဿဥပေက္ခာ မည်မျှစီရှိပါသနည်း။

ဖြေ။ မဟဂ္ဂုတ်စိတ်မှာ ကုသိုလ် ၉-ပါး၊ ဝိပါက် ၉-ပါး၊ ကြိယာ စိတ် ၉-ပါး ရှိပါသည်။ သောမနဿ ၁၂-ပါး၊ဥပေက္ခာ ၁၅-ပါး ရှိပါသည်။

ဆောင်-၃၅။ ကုဝိကြိနေ့ သောဆဲ့နှစ်ပါး ဥဆဲ့ငါး ပေါင်းခြား သတ်ဝီသ။

.... မဟာက်ဂ္ဂုတ်စိတ်ပြီး၏ ....

........း၀း........

## လောကီစိတ် အမေးအဖြေ။

မေး။ အဘယ်စိတ်များကို လောကီစိတ်ခေါ်ပါသနည်း။

ဖြေ။ ကာမစိတ် ၅၄-ပါး၊ ရူပါဝစရစိတ် ၁၅၊ အရူပါဝစရစိတ်

၁၂၊ ပေါင်း ၈၁-ပါးသော စိတ်များကို လောကီစိတ်ဟူ၍ ခေါ်ပါသည်။

ဆောင်-၃၆။ ကာရူအရူ လောကီဟူ ပေါင်းမူရှစ်ဆဲ့တစ်။

မေး။ လောကီစိတ် ၈၁-ပါးတို့တွင် ဇာတိဘေဒအားဖြင့် အကုသိုလ် ကုသိုလ်၊ ဝိပါက်၊ ကြိယာမည်မျှစီရှိပါသနည်း။

ဖြေ။ လောကီစိတ် ၈၁-ပါးတို့တွင် အကုသိုလ် ၁၂၊ ကုသိုလ် ၁၇၊ ဝိပါက် ၃၂၊ ကြိယာ ၂၀ ရှိပါသည်။

ဆောင်-၃၇။ ဆဲ့နှစ်အကု၊ကု ဆဲ့ခုနှစ်နှုန်း၊သုံးဆဲ့နှစ်ဝိ၊ နှစ်ဆယ်ကြိ ပေါင်းဘိရှစ်ဆဲ့တစ်။

မေး။ လောကီစိတ် ၈၁-ပါးတို့တွင်ဝေဒနာဘေဒအားဖြင့် ဥပေက္ခာ၊ သောမနဿ၊ဒေါမနဿ၊ ဒုက္ခ၊သုခမည်မျှစီရှိပါသနည်း။

ဖြေ။ လောကီစိတ် ၈၁-ပါးတို့တွင် ဥပေက္ခာ ၄၇၊ သောမနဿ ၃၀၊ ဒေါမနဿ ၂၊ ဒုက္ခ ၁၊ သုခ ၁၊ ရှိပါသည်။

ဆောင်-၃၈။ ဥ ဇောသတ္တ သောတိံသ ဒေါဒွ ဒုသုကေ။

## လောကုတ္တရာစိတ် ၈-ပါးအမေးအဖြေ။

မေး။ လောကုတ္တရာစိတ်ပေါင်း မည်မျှရှိပါသနည်း။

ဖြေ။ မဂ်စိတ် ၄-ပါး၊ဖိုလ်စိတ် ၄-ပါးဤသို့အားဖြင့် လောကုတ္တရာ စိတ်ရှစ်ပါးရှိပါသည်။

မေး။ မဂ်စိတ် ၄-ပါး၊ ဖိုလ်စိတ် ၄-ပါးကိုထင်ရှားစွာသရုပ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ၁-သောတာပတ္တိ မဂ်စိတ်တခု။ ၂-သကဒါဂါမိ မဂ်စိတ်တခု။ ၃-အနာဂါမိမဂ်စိတ်တခု။ ၄-အရဟတ္တမဂ်စိတ်တခု။ ဤသို့အား ဖြင့် မဂ်စိတ် လေးပါးရှိပါသည်။ ၁-သောတာပတ္တိ ဖိုလ်စိတ်တခု။ ၂-သကဒါဂါမိဖိုလ်စိတ်တခု။ ၃-အနာဂါမိဖိုလ်စိတ်တခု။ ၄-အရ ဟတ္တဖိုလ်စိတ်တခု။ ဤသို့အားဖြင့် ဖိုလ်စိတ် လေးပါး ရှိပါသည်။

ပေါင်းလျှင် လောကုတ္တရာစိတ်ရှစ်ပါးဖြစ်ပါသည်၊ မဂ်စိတ်ကိုကုသိုလ် ဖိုလ်စိတ်ကို ဝိပါက်ဟူ၍ခေါ်ဆိုပါသည်။

ဆောင်-၃၉။ လေးမဂ်ယှဉ်ရိုး ကုလေးမျိုး အကျိုးဖိုလည်းလေး။

.... လောကုတ္တရာစိတ်ပြီး၏ ....

## စိတ်အကျဉ်း ၈၉-အမေးအဖြေ။

မေး။ ဘယ်စိတ်များကို စိတ်အကျဉ်း တခုယုတ် ကိုးဆယ်ဟူ၍ခေါ် ဆိုပါသနည်း။

ဖြေ။ လောကီစိတ် ၈၁၊ လောကုတ္တရာစိတ် ၈၊ ဤစိတ်များကိုစိတ် အကျဉ်း တခုယုတ်ကိုးဆယ်ဟူ၍ခေါ်ဆိုပါသည်။

ဆောင်-၄၀။ ကီရှစ်ဆဲ့တစ် ကုတ်မူရှစ် ပေါင်းလစ်ရှစ်ဆဲ့ကိုး၊

မေး။ ထိုစိတ်အကျဉ်း ၈၉-မှာ အကုသိုလ်၊ ကုသိုလ်၊ ဝိပါက်၊ ကြိယာ မည်မျှရှိပါသနည်း။

ဖြေ။ စိတ်အကျဉ်း ၈၉-မှာ အကုသိုလ် ၁၂၊ ကုသိုလ် ၂၁၊ဝိပါက် ၃၆၊ ကြိယာ ၂၀ ရှိပါသည်။

ဆောင်-၄၁။ ဆဲ့နှစ်အကု ကုဧကဝီ ဆတ္တိံသ ဝိ နှစ်ဆယ်ကြိ ပေါင်းဘိရှစ်ဆဲ့ကိုး။

.... စိတ်အကျဉ်း ၈၉-ပြီး၏ ....

## လောကုတ္တရာချန်ပွား အမေးအဖြေ။

မေး။ လောကုတ္တရာစိတ်ရှစ်ပါးကို ဈာန်ငါးပါးနှင့် ချန်ပွားလျှင် ဘယ်မျှလောက်ရှိပါသနည်း။

ဖြေ။ လောကုတ္တရာစိတ်ရှစ်ပါးတို့တွင် တပါးတပါးကိုဈာန်ငါးပါး နှင့်ပွားရသောကြောင့် ၅-ခုရှစ်လီဖြစ်၍ ၄၀-ရှိပါသည်။

ဆောင်-၄၂။ ရှစ် လောကုတ်စု တခုခုဝယ် ငါးဈာန်ချယ် အကျယ် လောကုတ်ပွား။

မေး။ ဈာန်ပွားပုံကို သေချာစွာဖော်ပြပါ။

ဖြေ။ ၁-ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါး နှင့်တကွဖြစ်သော ပထမဈာန်၊ သောတာပတ္တိ မဂ်စိတ်တခု။ ၂-ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် သောတာပတ္တိ မဂ်စိတ်တခု။ ၃-ပီတိ၊ သုခ၊ ဧကဂ္ဂတာဈာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယဈာန် သောတာပတ္တိမဂ်စိတ်တခု။ ၄-သုခ၊ ဧကဂ္ဂတာဈာန်အင်္ဂါ ၂-ပါးနှင့်တကွ ဖြစ်သော စတုတ္ထဈာန် သောတာပတ္တိမဂ်စိတ် တခု။ ၅-ဥပေက္ခာ၊ ဧကဂ္ဂတာဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန်သောတာပတ္တိမဂ်စိတ်တခု။ ဤသို့အားဖြင့် သောတာပတ္တိမဂ်စိတ်၌ ဈာန်ပွား ၅ ပါးရှိပါသည်။ ထို့အတူ အသီးသီးဈာန်ပွားလျှင်မဂ်စိတ်ပေါင်း ၂၀၊ ဖိုစိတ်ပေါင်း ၂၀-ဖြစ်ပါသည်။

ဆောင်-၄၃။မဂ်စိတ်နှစ်ဆယ် ဖိုနှစ်ဆယ် အကျယ်လောကုတ်ပွါး။

## မှတ်ချက်

(၁-ဈာန်ပွားသောလောကုတ္တရာစိတ်(၄၀)မှာ၊ပထမဈာန် ၈၊ ဒုတိယဈာန် ၈၊ တတိယဈာန် ၈၊ ပဉ္စမဈာန် ၈ ရှိသည်။ပဉ္စမဈာန် ၈-ခုမှာဥပေက္ခာ။ကြွင်းသောဈာန်စုမှာ သောမနဿဟူ၍မှတ်လေ။)

မေး။ လောကုတ္တရာစိတ်အကျယ် ၄၀ တို့မှာ သောမနဿမည်မျှ ရှိ၍ ဥပေက္ခာမည်မျှရှိသနည်း။

ဖြေ။ လောကုတ္တရာစိတ်အကျယ်တို့မှာ သောမနဿပေါင်း ၃၂-ပါး ရှိ၍ ဥပေက္ခာပေါင်း ၈-ပါးရှိပါသည်။

ဆောင်-၄၄။သောသုံးဆဲ့နှစ် ဥမှုရှစ် ပေါင်းလစ်လေးဆယ်ထား။

.... လောကုတ္တရာဈာန်ပွားပြီး၏ ....

## စိတ်အကျယ် ၁၂၁-ပါး အမေးအဖြေ။

မေး။ ဈာန်စိတ်ပေါင်းမည်မျှရှိသည်ဟု သရုပ်နှင့်တကွပြပါ။

ဖြေ။ မဟဂ္ဂုတ်စိတ် ၂၇-ပါး၊ လောကုတ္တရာစိတ် အကျယ် ၄၀၊

ဤသို့အားဖြင့် ဇျာန်စိတ်ပေါင်း ၆၇-ပါးရှိပါသည်။ ၎င်းဇျာန်စိတ်ကို အပ္ပနာစိတ်ဟူ၍လည်းခေါ်ပါသည်။

ဗဆောင်-၄၅။ ဇျာန်မဟဂ္ဂုတ် ဇျာန်လောကုတ် သရုပ်ခြောက်ဆဲ့ခွန်။

မေး။ ဇျာန်စိတ်ပေါင်း ၆၇-ပါးတို့တွင် ပထမဇျာန်(ပ)ပဉ္စမဇျာန်များသည် အသီးသီး ဘယ်မျှစီရှိပါသနည်း။

ဖြေ။ ပထမဇျာန်စိတ်-၁၁၊ဒုတိယဇျာန်စိတ် ၁၁၊ တတိယဇျာန်စိတ် ၁၁၊ စတုတ္ထဇျာန်စိတ်-၁၁၊ ပဉ္စမဇျာန်စိတ် ၂၃-ပါးရှိပါသည်။

ဆောင်-၄၆။ပ-ဒု-တ-စ လေးဝအညီ ဆဲ့တစ်စီ တေဝိပဉ္စမဇျာန်။

မေး။ ဇျာန်စိတ်ပေါင်း ၆၇-ပါးတို့တွင် သောမနဿ မည်မျှရှိ၍ ဥပေက္ခာမည်မျှရှိပါသနည်း။

ဖြေ။ ဇျာန်စိတ်ပေါင်း ၆၇-ပါးတို့တွင် သောမနဿ ၄၄-ပါးရှိ၍ ဥပေက္ခာ ၂၃-ပါးရှိပါသည်။

ဆောင်-၄၇။ သောမနဿ်စု ဇောဇော်ရှု ဥမှုတေဝိမှန်။

မေး။ စိတ်အကျယ်၁၂၁ပါးဖြစ်အောင်ဘယ်လိုရေတွက်ပါမည်နည်း

ဖြေ။ လောကီစိတ် ၈၁၊ လောကုတ္တရာစိတ်အကျယ် ၄၀၊ ပေါင်း၍ ရေတွက်လျှင် စိတ်အကျယ် ၁၂၁-ပါးဖြစ်ပါသည်။

ဆောင်-၄၈။ ရှစ်ဆဲ့တစ် ကီ ကုတ်တာလီ ကော်ဝီသတာဖြစ်။

မေး။ စိတ်အကျယ် ၁၂၁-ပါးတို့တွင် ကုသိုလ်ပေါင်း မည်မျှရှိ၍ ဝိပါက်ပေါင်းမည်မျှရှိပါသနည်း။

ဖြေ။ ထိုစိတ်အကျယ်မှာကုသိုလ် ၃၇ပါး၊ဝိပါက်၅၂ပါးရှိပါသည်။

ဆောင်-၄၉။ သုံးဆဲ့ခွန်ကု အပွားရှု ဝိစုငါးဆဲ့နှစ်။

မှတ်ချက်။　(အကုသိုလ်နှင့်ကြိယာမှာ အကျယ်မထူး၍ သံပေါက်မှာ မထည့်သွင်းလေသတည်း)

မေး။ ဝေဒနာ ဘေဒအားဖြင့် စိတ်အကျယ် ၁၂၁-ပါး တို့မှာ ဥပေက္ခာသောမနဿ၊ ဒေါမနဿ၊ ဒုက္ခ၊သုခမည်မျှစီရှိသနည်း။

ဖြေ။ စိတ်အကျယ် ၁၂၁-ပါးတို့မှာ ဥပေက္ခာ ၅၂-ပါး၊ သောမနဿ ၆၂-ပါး၊ ဒေါမနဿ ၂-ပါး၊ ဒုက္ခ ၁-ပါး၊ သုခ ၁-ပါး ရှိပါသည်။
ဆောင်-၅၀။ ဥပဒွေးစေး သောဆဒွေး ဒေါဒွေးဒုသုကော်။
မေး။ ဤပရမတ္ထသံခိပ်ကျမ်း စိတ်ပိုင်းမှာ သံပေါက်ကဗျာလင်္ကာ ပေါင်းအရေအတွက် မည်မျှရှိပါသနည်း။
ဖြေ။ သံပေါက် ကဗျာလင်္ကာပေါင်း အရေအတွက် ငါးဆယ်ရှိပါသည်။
ဆောင်-၅၁။ ပုဒ်ပေါင်းငါးဆယ် ကဗျာချယ် ဤဝယ်စိတ်ပိုင်းပြီး။
.... စိတ်ပိုင်းအမေးအဖြေပြီး၏ ....

**စေတသိက်ပိုင်း၊ အင်္ဂါလက္ခဏာ ၄-ပါး။**

၁။ ဧကုပ္ပါဒ၊ စိတ်နှင့်အတူဖြစ်ခြင်း။
၂။ ဧကနိရောဓ၊ စိတ်နှင့်တူသော ချုပ်ခြင်း။
၃။ ဧကာလမ္ဗဏ၊ စိတ်နှင့်အာရုံတူခြင်း။
၄။ ဧကဝတ္ထုက၊ စိတ်နှင့်တူသော မှီရာရှိခြင်း။

ဆောင်-၅၂။ ဖြစ်ပျက်မှီအာ တူလေးဖြာ အင်္ဂါရှင်နိမိတ်။
ဆောင် ၅၃။ စိတ်၌မှီတွယ် စိတ်ကိုချယ် ငါးဆယ်နှင့်ဒွိတ်စေတသိက်။

**သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါ။**

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ ပေါင်း ၇-ပါး။
ဆောင်-၅၄။ ဖဿ၊ ဝေ၊ သဉ်၊ စေ၊ ဧ၊ ဇီ၊ မန ဤသတ္တ သဗ္ဗစိတ်တိုင်းဖြစ်။

**သဗ္ဗစိတ္တသာဓာရဏစေတသိက်၏ လက္ခဏာ ၇-ပါး။**

၁။ အာရုံကိုတွေ့ထိမှုသည် ဖဿမည်၏။
၂။ အာရုံ၏ အရသာကိုခံစားမှုသည် ဝေဒနာမည်၏။
၃။ အာရုံ၏သဘောကိုမှတ်သားမှုသည် သညာမည်၏။

၄။ အာရုံ၌ ယှဉ်ဘက်များစေ့ဆော်မှုသည် စေတနာမည်၏။
၅။ အာရုံတခုတည်း၌ တည်ကြည်မှုသည် ဧကဂ္ဂတာမည်၏။
၆။ ယှဉ်ဘက်များကိုစောင့်ထိန်းမှုသည် ဇီဝိတိန္ဒြေမည်၏။
၇။ အာရုံကို ရှာဖွေမြော်မှန်းစုံစမ်းမှုသည် မနသိကာရမည်၏။
ဆောင်-၅၅။တွေ့ခံမှတ်ဆော် တည်မြှော်အဘော်ခုနှစ်စိတ်တိုင်းဖြစ်။
···· သဗ္ဗစိတ္တသာဓါရဏစေတသိက်ပြီး၏ ····

....း၀း....

## ပကိဏ်းစေတသိက် ၆-ပါး။

ဝိတက်၊ဝိစာရ၊ အဓိမောက္ခ၊ ဝိရိယ၊ ပီတိ၊ ဆန္ဒ၊ပေါင်း ၆-ပါး။
ဆောင်-၅၆။ တက်စာဝိပီ ဆန်းအဓိ ပြွမ်းဘိပကိဏ်းခြောက်။

## ပကိဏ်းစေတသိက်လက္ခဏာ ၆-ပါး။

၁။ အာရုံသို့ ရှေ့ရှုတင်ပေးမှုသည် ဝိတက်မည်၏။
၂။ အာရုံ၌ အဖန်ဖန်သုံးသပ်စေမှုသည် ဝိစာရမည်၏။
၃။ အာရုံကိုဆုံးဖြတ်မှုသည် အဓိမောက္ခမည်၏။
၄။ ယှဉ်ဘက်များကို အားပေးထောက်ပံ့မှုသည် ဝိရိယမည်၏။
၅။ အာရုံကိုကြေနပ်နှစ်သိမ့်မှုသည် ပီတိမည်၏။
၆။ အာရုံကို လိုလားတောင့်တမှုသည် ဆန္ဒမည်၏။

## အကုသိုလ်စေတသိက် ၁၄-ပါး။

မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ၊ ဝိစိကိစ္ဆာ၊ ၁၄-ပါး။
ဆောင်-၅၇။ မောဟိနောတ်ဥဒ် မောစကုတ် လောမာန်ဒိဋ္ဌိ လော
ကြီ ဒေါဣသ်မစ်ကုတ် ဒေါစကုတ် ထိမိဒ်ဝိစိ ဆုံးတကြိ။

## အကုသိုလ်စေတသိက်လက္ခဏာ။

၁။ အာရုံ၏သဘောကိုဖုံးလွှမ်းမှုသည် မောဟမည်၏။

၂။ ကာယဒုစရိုက်စသည်မှ မရှက်မှုသည် အဟိရိကမည်၏။
၃။ ကာယဒုရိုက်စသည်မှ မလန့်မှုသည် အနောတ္တပ္ပမည်၏။
၄။ စိတ်၏မငြိမ်သက်မှု ပြန့်လွင့်မှုသည် ဥဒ္ဓစ္စမည်၏။
၅။ အာရုံ၌ကပ်ငြိတွယ်တာမှုသည် လောဘမည်၏။
၆။ မှားသောအားဖြင့်မြင်မှုသည် ဒိဋ္ဌိမည်၏။
၇။ ငါသာတတ် ငါသာမြတ်ဟု ထောင်လွှားမှုသည် မာနမည်၏။
၈။ ကြမ်းတမ်းပြစ်မှားမှုသည် ဒေါသမည်၏။
၉။ သူတပါးစီးစိမ်ကို ငြူစူမှုသည် ဣဿာမည်၏။
၁၀။ မိမိစည်းစိမ်ကိုလျှို့ဝှက်မှုသည် မစ္ဆရိယမည်၏။
၁၁။ အဖန်တလဲလဲစိုးရိမ်မှုသည် ကုက္ကုစ္စမည်၏။
၁၂။ စိတ်၏မခန့်ကြမ်းမှုသည် ထိနမည်၏။
၁၃။ စေတသိက်များ၏ မခန့်ကြမ်းမှုသည် မိဒ္ဓမည်၏။
၁၄။ အာရုံကိုမဆုံးဖြတ်နိုင်မှုသည် ဝိစိကိစ္ဆာမည်၏။
ဆောင်-၅၈။ ယုတ်မာညစ်ကြေး မိုက်မဲမှေး ဆယ့်လေးအကုသိုလ်။

## သောဘဏစေတသိက် ၂၅-ပါး။

၁။ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြမဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယ ကမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယုဇုကတာ၊ စိတ္တုဇုကတာ။ (သောဘနစေတသိက်-၁၉)
၂။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝိရတီစေတသိက်-၃။
၃။ ကရုဏာ၊ မုဒိတာ၊ အပ္ပမညာစေတသိက်-၂။
၄။ ပညိန္ဒြေအမည်ရှိသော အမောဟစေတသိက်-၁။ ပေါင်း-၂၅။

## သောဘဏစေတသိက်၏လက္ခဏာ။

၁။ ဘုရားစသောကောင်းသောအာရုံ၌ကြည်မှုသည် သဒ္ဓါမည်၏။

၂။ ဘုရားစသော ကောင်းသော အာရုံ၌ အောက်မေ့ မှုသည်
သတိမည်၏။
၃။ ကာယဒုစရိုက်စသည်မှ ပြုရန်ရှက်မှုသည် ဟိရိမည်၏။
၄။ ကာယဒုစရိုက်စသည်မှပြုရန်ကြောက်လန့်မှုသည် ဩတ္တပ္ပမည်၏။
၅။ အာရုံ၌မကပ်ငြိမတွယ်တာမှုသည် အလောဘမည်၏။
၆။ မကြမ်းတမ်းမပြစ်မှားမှုသည် အဒေါသမည်၏။
၇။ ထိုထိုအာရုံ၌ လျစ်လျူရှုမှုသည် တတြမဇ္ဈတ္တတာမည်၏။
၈။ စေတသိက်များ၏ ငြိမ်းအေးမှုသည် ကာယပဿဒ္ဓိမည်၏။
၉။ သောဘနစိတ်များ၏ ငြိမ်းအေးမှုသည် စိတ္တပဿဒ္ဓိမည်၏။
၁၀။ စေတသိက်များ၏ ပေါ့ပါးမှုသည် ကာယလဟုတာမည်၏။
၁၁။ သောဘနစိတ်များ၏ပေါ့ပါးမှုသည် စိတ္တလဟုတာမည်၏။
၁၂။ စေတသိက်များ၏နူးညံ့မှုသည် ကာယမုဒုတာမည်၏။
၁၃။ သောဘနစိတ်များ၏နူးညံ့မှုသည် စိတ္တမုဒုတာမည်၏။
၁၄။ စေတသိက်များ၏ခန့်ကြမ်းမှုသည်ကာယကမ္မညတာမည်၏။
၁၅။ သောဘဏစိတ်များ၏ခန့်ကြမ်းမှုသည်စိတ္တကမ္မညတာမည်၏။
၁၆။ စေတသိက်များ၏လေ့လာမှုသည်ကာယပါဂုညတာမည်၏။
၁၇။ သောဘဏစိတ်များ၏လေ့လာမှုသည်စိတ္တပါဂုညတာမည်၏။
၁၈။ စေတသိက်များ၏ဖြောင့်စင်းမှုသည်ကာယုဇုကတာမည်၏။
၁၉။ သောဘဏစိတ်များ၏ဖြောင့်စင်းမှုသည်စိတ္တုဇုကတာမည်၏။

ဆောင်-၅၉။ သဒ္ဓါ၊ သတိ၊ ဟိရိ၊ ဩတ္တပ်၊ ဟိတ်နှစ်ရပ်၊ တတြမဇ္ဈတ္တတာ။ ပဿဒ္ဓိ၊ လဟု မုဒုကမ္မဉ် ပါဂုညင်နှင့်၊ ထို့ပြင်ဥဇုတ ခြောက်စုံမှ၊ ကာယစိတ်နှင့်နှော။ ငြိမ်းပေါ့နူးညံ့၊ ကြမ်းခန့် လေ့လာ၊ ဖြောင့်စင်းစွာ၊ ခြောက်ဖြာကိစ္စဟော။ သောဘဏတွင် အကုန်ယှဉ်၊ ဤလျှင်ဆဲ့ကိုးသော။

.... သောဘဏသာဓါရဏစေတသိက်ပြီး၏ ....

**ဝီရိယစေတသိက်၏လက္ခဏာကား။**

၁။ အသက်မွေးဝမ်းရေးနှင့်မစပ်ပဲ ဝစီဒုစရိုက် ၄-ပါးမှရှောင်ကြဉ်မှုသည် သမ္မာဝါစာမည်၏။
၂။ အသက်မွေးဝမ်းရေးနှင့်မစပ်ပဲ ကာယဒုစရိုက် ၃-ပါးမှရှောင်ကြဉ်မှုသည် သမ္မာကမ္မန္တမည်၏။
၃။ အသက်မွေး ဝမ်းရေးနှင့်စပ်၍ ဝစီဒုစရိုက်-၄ပါးနှင့် ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်မှုသည် သမ္မာအာဇီဝမည်၏။

ဆောင်-၆၀။ ဝါစာကမ္မံ အာဇီဝံ သုံးတံဝိရတီ။

.... ဝိရတီစေတသိက်ပြီး၏ ....

**အပ္ပမညာစေတသိက်လက္ခဏာကား။**

၁။ ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍သနားမှုသည် ကရုဏာမည်၏။
၂။ သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်မှုသည် မုဒိတာမည်၏။

ဆောင်-၆၁။ ကရုဏ်၊ မုဒိ၊ ဤနှစ်ခု၊ ခေါ်မှုပမညား။

.... အပ္ပမညာစေတသိက်ပြီး၏ ....

၁။ အထူးထူးအပြားပြားသိခြင်း၌အစိုးရမှုသည် ပညိန္ဒြေမည်၏။ ရသော အမောဟ(ပညာ)စေတသိက်မည်၏။

ဆောင်-၆၂။ အသိအလိမ္မာ ဉာဏ်ပညာ၊ ဝိဇ္ဇာအမောဟ။

**ရူပသမုဒ္ဒေသ။**

မေး။ မဟာဘုတ် ၄-ပါးသရုပ်ကို အနက်မြန်မာနှင့်တကွဖော်ပြပါ။
ဖြေ။ ၁-ပထဝီမြေဓါတ်၊ ၂-အာပေါရေဓါတ်၊ ၃-ဝါယောလေဓါတ်၊ ၄-တေဇောမီးဓါတ်။ ဤသို့အားဖြင့် ပွားစီးကြီးမားတတ်သော မဟာဘုတ် ၄-ပါးဖြစ်ပါသည်။

ဆောင်၆၃။ပအာဝါတေ၊ရေမြေလေမီး၊လွန်ပွါးစီး၊ဘုတ်ကြီးစတုက္က။

မေး။ မဟာဘုတ် ၄-ပါးတို့၏ သဘောလက္ခဏာကို အစဉ်အတိုင်း ဖေါ်ပြပါ။

ဖြေ။ ခက်မာမှုသည် ပထဝီ၏လက္ခဏာဖြစ်ပါသည်။ ဖွဲ့စည်းမှုသည် အာပေါ၏လက္ခဏာဖြစ်ပါသည်။ ထောက်ခံမှုသည် ဝါယော၏ လက္ခဏာ ဖြစ်ပါသည်။ ပူမှုမှေုသည် တေဇော၏ လက္ခဏာ ဖြစ်ပါသည်။

ဆောင်-၆၄။ ခက်မာဖွဲ့စေး၊ ပူထောက်ခံ၊ ဤလေးတန်၊ မှတ်ရန် လက္ခဏာ။

မေး။ ပသာဒရုပ်အကြည်ဓါတ်ပေါင်းဘယ်မျှရှိပါသနည်း။

ဖြေ။ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ၊ ဤသို့အားဖြင့် ပသာဒရုပ် အကြည်ပေါင်း ငါးပါးရှိပါသည်။

ဆောင်-၆၅။ စက်သောဃာဇီ၊ ကာငါးလီ၊ အကြည်ပသာဒ။

မေး။ ဂေါစရရုပ်ပေါင်း ဘယ်မျှရှိပါသနည်း။

ဖြေ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ အားဖြင့် ဂေါစရရုပ်ပေါင်း ငါးပါးရှိပါသည်။

ဆောင်-၆၆။ ရူသဒ်ဂန်ရုံ၊ ဖေါဋ္ဌဗ္ဗံ၊ ငါးတန်ဂေါစရာ။

မေး။ မဟာဘုတ်ပသာဒရုပ် ဂေါစရရုပ်တို့တွင် ဘယ် ရုပ်များကို ထည့်သွင်းလျှင် နိပ္ဖန္နရုပ်ပေါင်း(၁၈)ပါးပြည့်စုံပါသနည်း။

ဖြေ။ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်၊ ဟဒယ ရုပ်၊ ဇီဝိတရုပ်၊ ကဗဠီကာရရုပ်။ ဤရုပ်များထည့်သွင်းလျှင် နိပ္ဖန္နရုပ်(၁၈)ပါးပြည့်စုံပါသည်။

ဆောင်-၆၇။ ဣတ္ထိပုမ၊ ဘာဝနှစ်တန်၊ ဟဒယံ၊ တတန်ဇီဝိတ။ ကဗဠီကာရ၊ ရုပ်ဩဇာ၊ သချာဆဲ့ရှစ်ရ။

မေး။ အဘယ့်ကြောင့် နိပ္ဖန္နရုပ်ခေါ်ပါသနည်း။

ဖြေ။ အကြောင်းလေးခုကြောင့်ဖြစ်မှုပေါ်သော သဘောအသီးသီး ကိုယ်စီပြီးကြသောကြောင့် နိပ္ဖန္နရုပ်ခေါ်ပါသည်။

.... နိပ္ဖန္နရုပ်(၁၈)ပါးပြီး၏ ....

မေး။ အနိပ္ဖန္နရုပ်ပေါင်း ဘယ်မျှရှိသည်ဟု သရုပ်နှင့်တကွ ရေတွက်ပြပါ။

ဖြေ။ ၁-အာကာသဓါတ်၊ ၂-ကာယဝိညတ်၊ ၃-ဝစီဝိညတ်၊ ၄-ရူပဿလဟုတာ၊ ၅-ရူပဿမုဒုတာ၊ ၆-ရူပဿကမ္မညတာ၊ (ဝိကာရရုပ် ၃-ပါး)၊ ၇-ဥပစရ၊ ၈-သန္တတိ၊ ၉-ဇရတာ၊ ၁၀-အနိစ္စတာ၊ လက္ခဏာရုပ် ၄-ပါး။ ဤသို့အားဖြင့် အနိပ္ဖန္န ရုပ်ပေါင်း (၁၀)ရှိပါသည်။

ဆောင်-၆၈။ ကာလခြားမျှ၊ အာကာသတည်း၊ ကာယဝစီ၊ နှစ်လီကိုယ်နှုတ်၊ လှုပ်မှုရှားမှု နှစ်ခုဝိညတ်၊ ရူပဿလဟု၊ မုဒုကမ္မည၊ ဝိကာရတေ လေးလက္ခဏာ၊ ရုပ်ဆယ်တန်၊ အနိပ္ဖန္နတည်း။ ဖြစ်ပေါ်ပွားမှု၊ ဥပစယ၊ တည်တသန္တတိ၊ ရင့်ဘိဇရာ၊ ပျက်မှာနိစ္စ၊ သိကြောင်းမျှ၊ လက္ခဏာရုပ်ခေါ်သတည်း။

.... အနိပ္ဖန္နရုပ်(၁၀)ပါးပြီး၏ ....

မေး။ ရုပ်ပေါင်းဘယ်မျှရှိပါသနည်း။

ဖြေ။ နိပ္ဖန္နရုပ် ၁၈၊ အနိပ္ဖန္နရုပ် ၁၀-အားဖြင့်ရုပ်ပေါင်း ၂၈-ပါး ရှိပါသည်။

.... ရူပသမုဒ္ဒေသပြီး၏ ....

....း၀း....

မေး။ နိဗ္ဗာန်၏သဘောအချက်ကို အကျဉ်း အမြွက်မျှဖော်ပြပါ။

ဖြေ။ အနမတဂ္ဂသံသရာ ကမ္ဘာအဆက်ဆက် ဘဝအဆက်ဆက်မှာ ဇတ်ထွက်၍လာခဲ့သော ဒုက္ခဇာတ်အမျိုးမျိုးတို့၏ အနုပ္ပါဒဓမ္မသဘောအားဖြင့် အမြစ်နှင့်တကွ ချုပ်ငြိမ်းမှု ဇာတ်သိမ်းမှု သဘောအစုတို့ကို နိဗ္ဗာန်ဟုခေါ်ပါသည်။

ဆောင်-၆၉။ ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်းပြည်နိဗ္ဗာန်။

မေး။ သဥပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန် နှစ်ပါး တို့၏ သဘောကိုဖော်ပြပါ။

ဖြေ။ ဘဝခန္ဓာသံသရာအကြွင်းအကျန်ရှိနေသေးသည့်အခါပေါက် ရောက်မရှိခံစားကြရသော နိဗ္ဗာန်ကို သဥဒိသေသနိဗ္ဗာန်ဟုခေါ် ပါသည်။ ဘဝခန္ဓာသံသရာကြွင်း အလျှင်းမရှိဘဲ အဆုံးစွန်သော ပရိနိဗ္ဗာန်စံမှုကို အနုပါဒိသေသ နိဗ္ဗာန်ဟုခေါ်ပါသည်။

ဆောင်—၇၀။ သဥပါဒိ သေသနိ ကြွင်းရှိငါးရန်ခန့်။ အနုပါဒိ သေသနိ မရှိငါးရန်ခန့်။

မေး။ တနည်းအားဖြင့် နိဗ္ဗာန်ဘယ်နှစ်မျိုးရှိပါသနည်း။

ဖြေ။ ၁-သုညတနိဗ္ဗာန်၊ ၂-အနိမိတ္တနိဗ္ဗာန်၊ ၃-အပ္ပဏိဟိတနိဗ္ဗာန် အားဖြင့် တနည်းနိဗ္ဗာန်သုံးမျိုးရှိပါသည်။

ဆောင်-၇၁။ သုညနိမိတ်၊ ပဏိဟိတ်၊ ဖြာစိတ်သုံးနိဗ္ဗာန်။

မေး။ထိုနိဗ္ဗာန်သုံးမျိုး၏သဘောအဓိပ္ပါယ်ကိုအစဉ်အတိုင်းဖော်ပြပါ

ဖြေ။ ၁-ပလိဗောဓ ကြောင်းကြအမျိုးမျိုးတို့မှ ကင်းငြိမ်းသော နိဗ္ဗာန်ကို သုညတနိဗ္ဗာန်ဟုခေါ်ပါသည်။ ၂-ဘေးအပေါင်းရန် အပေါင်းတို့နှင့် မဆက်ဆံသော နိဗ္ဗာန်ကို အနိမိတ္တ နိဗ္ဗာန်ဟု ခေါ် ပါသည်။ ၃-တောင်းတမှု ပူပန်မှုအမျိုးမျိုးတို့နှင့် မဆက်ဆံသော နိဗ္ဗာန်ကို အပ္ပဏိဟိတနိဗ္ဗာန်ဟုခေါ်ပါသည်။

ဆောင်-၇၂။ ပလိဗောဓ၊ ကြောင်းကြသဗ္ဗ၊ ကင်းဆိတ်ညံ၊ နိဗ္ဗာန် သုညတ။

ဆောင်-၇၃။ ဘေးပေါင်းတရံ၊ မဆက်ဆံ နိဗ္ဗာန်နိမိတ္တ။

ဆောင်-၇၄။ တောင်းတပူပန်၊ မဆက်ဆံ၊ နိဗ္ဗာန်ပဏိဟိတ။

.... နိဗ္ဗာန်ပြီး၏ ....

.... ပရမတ္ထတရားလေးပါးသရုပ်ပြီး၏ ....

'ထိုပရမတ္ထတရားလေးပါးတို့တွင် စိတ်သည် အကျဉ်းတခုယုတ် ၉၀၊ အကျယ် ၁၂၁-ပါး သရုပ်အရေအတွက်ရှိသော်လည်း အာရုံကိုသိခြင်းလက္ခဏာအားဖြင့် တပါးသာရှိ၏။

ထိုစိတ်နှင့်ယှဉ်သော စေတသိက် ၅၂-ပါးတို့တွင် ဖဿသည် တွေ့ခြင်းလက္ခဏာ၊ ဝေဒနာသည် ခံစားခြင်းလက္ခဏာ၊ သညာသည် မှတ်ခြင်းလက္ခဏာ၊ စသောအားဖြင့် စေတသိက် ၅၂-ပါးတို့သည် လက္ခဏာ ၅၂-ပါးတို့မည်ကုန်၏။ ပထဝီသည် ပြေ့မှုမာမှုလက္ခဏာ၊ အာပေါသည် ဖွဲ့စည်းမှု ယိုစည်းမှုလက္ခဏာ၊ တေဇောသည် ရင့်ကျက်မှုလက္ခဏာ၊ ဝါယောသည် ဖေါင်းကြွမှု ထောက်ကန်မှု ရွေ့လျားမှု လှုပ်ရှားမှုလက္ခဏာ။ ထိုဆိုအပ်ခဲ့ပြီးသော စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော မိမိတို့၏လက္ခဏာက ပြောင်းရွေ့ခြင်းသဘော မရှိ။ ထိုမပြောင်းရွေ့လျှင်လည်း မဖေါက်ပြန်၊ ထို မဖေါက်ပြန်ခြင်းကို သာလျှင် မြတ်၏။ ထိုမဖေါက်ပြန်ခြင်း မြတ်ခြင်း အနက်နှစ်ပါးကိုသာ ပရမတ်ဟု မုချအားဖြင့် ခေါ်အပ်ကုန်၏။

မေး။ ထိုပရမတ္ထတရားလေးပါးတို့ကို ဆောင်ပုဒ်နှင့်တကွ ခန္ဓာငါးပါးတို့၏ သရုပ်သဘောတို့ကိုရေးပါ။

ဖြေ။ ဆောင်-၇၅ ရူပက္ခန္ဓာ ရုပ်မှတ်ရာ နာမ်မှာလေးခန္ဓာ။

၁။ ဖေါက်ပြန်ရုပ်မှာ အာရုံသာ ညွတ်ရာနာမ်ခန္ဓာ။

၂။ ရူဝေသဥ္စသင် စိတ်ဝိညာဉ် ငါးအင်သရုပ်လာ။

၃။ ရူပေက္ခန္ဓ ဖေါက်ပြန်ရ မှတ်ကြသဘောလာ။

၄။ ဝေဒနက္ခန္ဓ ခံစားရ မှတ်ကြသဘောလာ။

၅။ သညက္ခန္ဓ အမှတ်ပြု မှတ်ကြသဘောလာ။

၆။ သင်္ခါရမှာ အားထုတ်ရာ မှတ်ပါသဘောလာ။

၇။ ဝိညာဏက်မှာ အာရုံသာ သိပါသဘောလာ။

ရုပ် ၂၈-ခုတို့ကို ရူပက္ခန္ဓာခေါ်၏။ ဝေဒနာ စေတသိက်ကို ဝေဒနက္ခန္ဓာခေါ်၏။ သညာ စေတသိက်ကို သညက္ခန္ဓာခေါ်၏။ ဝေဒနာ သညာ ကြဉ်သောစေတသိက် ၅၀-ကို သင်္ခါရက္ခန္ဓာဟုခေါ်၏။ စိတ်တခုယုတ် ၉၀၊ အကျယ် ၁၂၁-ပါးကို ဝိညာဏက္ခန္ဓာခေါ်၏။

ထိုဆိုအပ်ခဲ့ပြီးသော ၂၈-ပါးသော ရုပ်တို့ကို ရုပ်ဟုခေါ်၏။ ကြွင်းသော ဝေဒနာသညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော နာမ်ခန္ဓာလေးပါးတို့ကို နာမ်ဟုခေါ်၏။

ထိုရုပ်နာမ်နှစ်ပါးတို့တွင် ရုပ်သည်ဖေါက်ပြန်ခြင်းလက္ခဏာ၊နာမ်သည်ညွှတ်ခြင်းလက္ခဏာအားဖြင့် နှစ်ပါးရှိကုန်၏။

သရုပ်အရေအတွက်အားဖြင့်သော်ကား ရုပ်၊ ဝေဒနာ၊ သညာ သင်္ခါရ၊ ဝိညာဏ်အားဖြင့် ငါးပါးအပြားရှိကုန်၏။

ရုပ်ဖြစ်သောရူပက္ခန္ဓာသည် ဖေါက်ပြန်ခြင်းလက္ခဏာရှိ၏။ စိတ်တခုယုတ် ၉၀၊အကျယ် ၁၂၁-ပါးတို့၌ ခံစားခြင်းလက္ခဏာရှိသော ဝေဒနာစေတသိက်သည် ဝေဒနက္ခန္ဓာမည်၏။ မှတ်ခြင်း လက္ခဏာရှိသော သညာစေတသိက်သည် သညက္ခန္ဓာမည်၏။

အားထုတ်ခြင်းလက္ခဏာရှိသော ဝေဒနာ၊ သညာ၊ ကြဉ် သောစေတသိက် ၅၀-တို့သည် သင်္ခါရက္ခန္ဓာမည်၏။ အာရုံကို သိခြင်းလက္ခဏာရှိသော စိတ်တခုယုတ် ၉၀၊ အကျယ် ၁၂၁-ပါးတို့သည် ဝိညာဏက္ခန္ဓာမည်၏။ ထိုခန္ဓာငါးပါးတို့သည် ရုပ်နာမ် နှစ်ပါးသာရကုန်၏။ ရုပ်သည် ဖေါက်ပြန်ခြင်းလက္ခဏာ၊ နာမ်သည် ညွှတ်ခြင်းလက္ခဏာရှိ၏။

## ခြေတလှမ်း၌ ခန္ဓာငါးပါးပါဝင်ပုံ။

ခြေတလှမ်း၌ကြွရာက၊ ချရာတိုင်အောင် လှုပ်ရှားသောဝါယောဓါတ်သည် ရူပက္ခန္ဓာမည်၏။ လှမ်းသောအခါ လှမ်းလို့ကောင်း

သောသဘော မကောင်းသောသဘော ကောင်းသည်လည်းမဟုတ် မကောင်းသည်လည်း မဟုတ်သော သဘောတရား တို့သည် ဝေဒ နက္ခန္ဓာမည်၏။ ကြွရာက ချသည်တိုင်အောင် မှတ်သောသဘောသည် သညက္ခန္ဓာမည်၏။ လှုမ်းသောအခါ အားထုတ်သော သဘောသည် သင်္ခါရက္ခန္ဓာမည်၏။ ထိုလှုမ်းသောအခါ ကြွရာက ချသည့်တိုင်အောင် လှုမ်းသောသဘောကိုသိခြင်းသည် ဝိညာဏက္ခန္ဓာမည်၏။ ဤသို့လျှင် ခြေတလှမ်း၌ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် စိတ်တချက်၌ တပြိုင်နက်ဖြစ်ကြကုန်၏။

**အာယတန ၁၂-ပါးတို့ကိုပြဆိုခြင်း။**

၁။ ကြာမြင့်ရှည်လျား ယိုစီးငြား မှတ်သားအယတနသာ။
၂။ စက်သောဃာဇီ ကာမနီ ခြောက်လီအဇ္ဈတ္တာ။
၃။ ရူ,သ,ဂ,ရ ဖေါ်ဋ္ဌ,ဓမ္မ ခြောက်ဝဗာဟိရာ။
၄။ တွင်းပပေါင်းငြား ဆဲ့နှစ်ပါး မှတ်သားအာယတနသာ။
၅။ စိတ်မှာမန စေဓမ္မ နာမမည်သညာ။
၆။ သြဠာရိက သုခုမ ခေါ်ကြရုပ်မည်သာ။

ထိုသံခိပ်လင်္ကာ၏အဖြေ အာယတနဟူသည်ကား ရှည်လျားကြာ မြင့်ခြင်း၊ ယိုစီးခြင်းကြောင့် အယတနမည်၏။ သရုပ်အားဖြင့်ကား စက္ခာယတန၊ သောတာယတန၊ ဃာနာရတန၊ ဇိဝှါယတန၊ ကာယာ ယတန၊ မနာယတန၊ အားဖြင့် အဇ္ဈတ္တိကာယတန ခြောက်ပါး။ ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖေါဋ္ဌဗ္ဗာ ယတန၊ ဓမ္မာယတနအားဖြင့် ဗာဟိရာယတနခြောက်ပါး၊ ဤသို့ အတွင်းအပနှစ်ရပ်ပေါင်းသည်ရှိသော်အာယတန ၁၂-ပါး၊စိတ်တခု ယုတ် ၉၀-သည် မနာယတနမည်၏။ စေတသိက် ၅၂.ပါးသည် ဓမ္မာယတနမည်၏။ ထိုမနာယတန၊ ဓမ္မာယတနတို့ကို နာမ်တရား ခေါ်၏။ သုခုမရုပ် ၁၆-ခုနှင့် စက္ခုစသော အယတနပေါင်းငါးပါး၊

ရူပစသော အယတန ငါးပါး၊ ပေါင်း(၁၀)ပါးတို့ကို ရုပ်တရားခေါ်၏။

## တနည်းအားဖြင့်အာယတန ၁၂-ပါး။

စက္ခုပသာဒသည် စက္ခာယတနမည်၏။ သောတ ပသာဒသည် သောတာယတနမည်၏။ ဃာနပသာဒသည် ဃာနာယတန မည်၏။ ဇိဝှါပသာဒသည် ဇိဝှါယတနမည်၏။ ကာယပသာဒသည် ကာယာယတနမည်၏။ ရူပါရုံသည် ရူပါယတနမည်၏။ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏။ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။ ရသာရုံသည် ရသာယတနမည်၏။

ပထဝီ၊ တေဇော၊ ဝါယောဟုဆိုအပ်သောသုံးပါး အပေါင်းသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ စိတ်တခုယုတ် ၉၀-သည် မနာယတနမည်၏။ စေတသိက် ၅၂-ခု၊ အာပေါ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရဇရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ၊ ဟုဆိုအပ်သော သုခုမရုပ် ၁၆-ခု နိဗ္ဗာန်သည် ဓမ္မာယတနမည်၏။

···· အယတန ၁၂-ပါးပြီး၏ ····

## ဓါတ် ၁၈-ပါးတို့ကို ပြဆိုခြင်း။

၁။ မိမိအတ္တ သဘာဝ ဆောင်ကဓါတ်ခေါ်ရာ။
၂။ စက္ခုစသား ဓါတ်ငါးပါး မှတ်သားရုပ်ဓါတ်သာ။
၃။ ရူပစသား ဓါတ်ငါးပါး မှတ်သားရုပ်ဓါတ်သာ။
၄။ စက္ခုဝိညာဏ် စသည်စဉ် ခေါ်တွင်နာမ်ဓါတ်သာ။
၅။ ဓမ္မဓါတ်သာ ရုပ်နာမ်ဟာ သိသာထင်ရှားပါ။
၆။ ဓါတ်ဆဲ့ရှစ်ပါး သရုပ်ထား နှစ်ပါးနာမ်ရုပ်သာ။

ထို သံခိပ်လက်ာ၏အဖြေကား ဓါတ်ဟူသည် မိမိသဘောကို ဆောင်တတ်သောကြောင့် ဓါတ်ခေါ်၏။ ထိုဓါတ်သည်မိမိသဘောကိုဆောင်တတ်သော အားဖြင့် တပါးသောအတ္တိရှိ၏။ သရုပ် အရေအတွက်အားဖြင့်သော်ကား၊ စက္ခုပသာဒသည် စက္ခုဓါတ်မည်၏။ သောတပသာဒသည် သောတဓါတ်မည်၏။ ဃာနပသာဒသည် ဃာနဓါတ်မည်၏။ ဇိဝှါပသာဒသည် ဇိဝှါဓါတ်မည်၏။ ကာယပသာဒသည်ကာယဓါတ် မည်၏။ ရူပါရုံသည် ရူပဓါတ်မည်၏။ သဒ္ဒါရုံသည် သဒ္ဒါဓါတ်မည်၏။ ဂန္ဓာရုံသည် ဂန္ဓဓါတ်မည်၏။ ရသာရုံသည် ရသဓါတ်မည်၏။ ပထဝီ၊ တေဇော၊ ဝါယောဟုဆိုအပ်သောဓါတ်သုံးပါးအပေါင်းသည် ဖေါဋ္ဌဗ္ဗဓါတ်မည်၏။ စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝိညာဏဓါတ်မည်၏။ သောတ ဝိညာဏ်ဒွေးသည် သောတဝိညာဏဓါတ်မည်၏။ ဃာနဝိညာဏ်ဒွေးသည် ဃာနဝိညာဏဓါတ်မည်၏။ ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဝိညာဏဓါတ်မည်၏။ ကာယဝိညာဏ်ဒွေးသည် ကာယဝိညာဏဓါတ် မည်၏။ ပဉ္စဒွါရာဝဇ္ဇန်းသမ္ပဋိစ္ဆိုင်းဒွေးသည် မနောဓါတ်မည်၏။ စေတသိက် ၅၂-ပါး၊ သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန်။ ဤတရားတို့သည်ဓမ္မဓါတ်မည်ကုန်၏။

.... ဓါတ်(၁၈)ပါးပြီး၏ ....

## သစ္စာလေးပါးသရုပ်ကိုပြဆိုခြင်း။

လောကီစိတ် ၈၁-လောဘကြဉ်သော စေတသိက် ၅၁-ပါးသည် ဒုက္ခသစ္စာမည်၏။ လောဘသည် သမုဒယသစ္စာမည်၏။ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ မဂ်စိတ်လေးခု၌ ရှိသော မဂ္ဂင်တရား ကိုယ်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ်သည် သစ္စာဝိမုတ်ဖြစ်ကုန်၏။ ။

.... ပြီးပါပြီ ....

ဘာသာရေးဆိုင်ရာစာပေ
ခွင့်ပြုချက်အမှတ် (၆၀၀၇)

ထုတ်ဝေသူ- ဒေါ်သန်း၊ သန်းစာပေဖြန့်ချီရေး၊
မှတ်ပုံတင်အမှတ်(၀၂၉၈)၊
အမှတ်(၇၈)၊ စက်ရုံလမ်း၊ ရန်ကုန်မြို့။

ရိုက်နှိပ်သူ- ဦးအောင်ကြည်၊ မှတ်ပုံတင်အမှတ်(၀၇၂၉)၊
ဝဇီရာရောင်စုံပုံနှိပ်တိုက်၊ အမှတ်(၇၈)၊
စက်ရုံလမ်း၊ ရန်ကုန်မြို့။

စာမြဲဒုတိယအကြိမ် ပထမရိုက် အုပ်ရေ(၁၀[illegible]

၁၉၇၃-ခုနှစ်၊ ဇန္နဝါရီလ။